ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ စနေနေ့၊ (26-8-2006) (၅၀၆၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ပြောင်းရွှေ့ကျင်းပမည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်အင်အား ၂၄၀၀ ကျော်အတွက် နေရာထိုင်ခင်း အသင့်ရှိပြီးဖြစ် ယခုနှစ်ပြိုင်ပွဲကို နေပြည်တော်တွင် အောက်တိုဘာလဒုတိယပတ်ခန့်၌ ကျင်းပရန် လျာထားသည့်အတွက် အရည်အချင်းပြည့်မီစွာ ယှဉ်ပြိုင်နိုင်ရေးနှင့် ပြိုင်ပွဲကျင်းပရန်ပြင်ဆင်မှုများ အောင်အောင်မြင်မြင်ဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၅

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကများပါဝင်သော ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် စာပေ၊ ဂီတ၊ သဘင်ပညာရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❃

ဆွေးနွေးမှာကြား

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကများပါဝင်သော ဒုတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၆–၈–၂၀၀၆
(စနေနေ့)

ကျောက်မျက်ရတနာဈေးကွက် ပိုမိုဖွံ့ဖြိုးရေးကြိုးပမ်း

မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာလျက်ရှိသည်။ ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်ကသာ အဓိကဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်လုပ်ရောင်းဝယ်နေကြပြီဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ လုပ်ကိုင် ခွင့်ပြုထားသည့် ကုမ္ပဏီများမှ တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ရတနာအချောထည်များအား စနစ်တကျ ရောင်းချနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက အားပေး ကူညီလျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ခင်းကျင်းပြသရောင်းချလာခဲ့ရာ ယခုအခါ (၆၇)ကြိမ်ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသည့် ကျောက်မျက်ရတနာများ များပြားစွာ ထွက်ရှိနေသည့်အတွက် ရန်ကုန်မြို့ရှိ ကျောက်မျက်ရတနာ ပင်မဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နည်းပညာသစ်များ ထွန်းကားနေသည့် ယနေ့အချိန်အခါတွင် ကျောက်မျက်ရတနာများအား အရိုင်းတုံး သက်သက်ဖြင့် ရောင်းချခြင်းသာမက စွဲမက်ဖွယ်ရာ လက်ဝတ်ရတနာများ၊ လူကြိုက်များသည့် အလှအပအသုံးအဆောင် ပစ္စည်းများ၊ ရုပ်တုများ၊ ပန်းချီကားများ အဖြစ်လည်း ဆန်းသစ်တီထွင် တိုးချဲ့ထုတ်လုပ်ရောင်းချသွားကြရမည်ဖြစ်သည်။

ရတနာလုပ်ငန်းရှင်များသည် ပြည်ပဈေးကွက်များ၌ အရောင်းသွက်လျက်ရှိသော ကျောက်မျက်ရတနာများ၊ အလှအပပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို မျက်ခြည်မပြတ်လေ့လာ၍ ပြည်တွင်း၌ ကျောက်မျက်ရတနာအချောထည်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ရတနာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ကျောက်မျက်ရတနာများသည် နိုင်ငံတော်ပိုင် သဘာဝသယံဇာတပစ္စည်းများဖြစ်ရာ နိုင်ငံတော်နှင့်ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရေး ရှေးရှုပြီး စနစ်တကျ တူးဖော်ထုတ်လုပ်ရောင်းဝယ်ကြခြင်းဖြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဆက်လက် ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မှော်ဘီမြို့ သဲဖြူရွာ စစ်မှုထမ်းဟောင်းအိမ်ရာနေ ဗိုလ်ကြီးမြစိန် (ငြိမ်း)– ဒေါ်နီလာထိုက်၊ သမီးကြီး မြရတနာထိုက် မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင်မြို့နယ် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းက ကောခနိကျေးရွာ ကော့ရတောင်ကွင်းရှိ တောင်သူဒေါ်တင်လှ၏ လယ်မြေ၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့်ဇနီး၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအန်ကြည်က စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့် အတူ လယ်မြေဧက ၇၀တွင် ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမသားပေါက်ကောင်ရေ ၃၅၀၀၀ကို ငါးမျိုး စိုက်ထည့်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကောခနိကျေးရွာရွှေကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သံဃာ့ဝန်ဆောင် ရွှေကျောင်းဆရာတော် ဘဒ္ဒန္တသုမနအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းသည်။

ဂုဏ်ပြု

ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် တိုင်းမှူးသည် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ဖော်ထုတ်သိမ်းဆည်းရမိသော ရွှေ၊ ငွေလက်ဝတ်ရတနာပစ္စည်းများအား ပိုင်ရှင်များထံပြန်လည်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်က မှုခင်း ဖော်ထုတ်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးသိမ်းဆည်းရမိပစ္စည်းများကို ပစ္စည်းပိုင်ရှင်များထံ ပြန်လည် ပေးအပ်သည်။

ထို့နောက် ပစ္စည်းပိုင်ရှင်များက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ ရဲမှူးကြီး တင်သိန်းဟန်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် ဖော်ထုတ်သိမ်းဆည်းရမိသော ရွှေ၊ ငွေလက်ဝတ်ရတနာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မွန်ပြည်နယ်သစ်တောဦးစီးဌာနနှင့် မွန်ပြည်နယ် ပညာရေးမှူးရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဇနီးတို့ စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

၂၀၀၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကိုဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင်နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အထိမ်းအမှတ် အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြိုင်ပွဲနှင့်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် အလွတ်တန်း ဆောင်းပါး ပြိုင်ပွဲများ ကျင်းပပြီးစီးမှုနှင့် ပြခန်းများ ခင်းကျင်းပြသမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖိတ်ကြားကြိုဆိုရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် အခမ်းအနားပြင်ဆင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၈–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဆရာတော်ဦးဃောသိတတရားတော် –စိတ္တာနုပဿနာသတိပဋ္ဌာန်
- ၉:၁၀ ၁၀။ **နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် –ကြည်ပြာ**
- **၁၀:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၁၀:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **– မော်ဆရာရဲ့ ကျောင်းစာအုပ် လူမင်း၊ အိန္ဒြာကျော်ဇင်**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၁၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လျှို့ဝှက်ချက် (အပိုင်း–၈)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **English Premier League ဘောလုံးပွဲ – Manchester City Vs Arsenal**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ

တစ်ကြိမ်စိုက်ရုံဖြင့် နှစ်ရှည်ဝင်ငွေလိုက်မည့်အပင်

ကွင်းဆင်းလေ့လာရေးသားသူ–ကိုရဲ(စိုက်ပျိုးရေး)

မကွေးတိုင်း ထီးလင်းမြို့နယ် မျက်မြောင်ကျေးရွာအုပ်စု ကျောချောင်းရွာ တောင်သူဦးဘထော်၏ သက်တမ်း ၂၆နှစ်ခန့်ရှိ ခြံစည်းရိုးကြက်ဆူပင်ကြီးကို ဤသို့တွေ့ရသည်။

မိတ္ထီလာမှ မလှိုင်မြို့သို့ မော်တော်ကားဖြင့် အသွားတွင် မလှိုင်မြို့ မရောက်မီ ခရိုင်ချင်းဆက်လမ်းကိုတွေ့ရသည်။ ထို့ကြောင့် ဒေသခံ တစ်ဦးအား လမ်းအခြေအနေကောင်း၊ မကောင်းမေးကြည့်ရာ လမ်း ကောင်းကြောင်း၊ ဤလမ်းကနေ မန္တလေးသို့ သွားနေကြကြောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် လမ်းမကြီးနှင့်ဆုံကြောင်း ပြောပါသည်။

ထို့ကြောင့် လမ်းအတွင်းပိုင်း အနည်းငယ်ဝင်ကြည့်ရာ မလှိုင် မြို့နယ် လယ်ကြီးကျေးရွာအဝင်၌ ခြံခတ်ထားသည့် လူတစ်ရပ်ခန့်ရှိ သော ခြံစည်းရိုးကြက်ဆူပင်များ ကြီးထွားသီးပွင့်နေသည်ကိုတွေ့ရ၍ ဝင်ရောက်လေ့လာကြသည်။ စိုက်ခင်းပိုင်ရှင် ကိုအောင်ကျော်မိုးသည် လူငယ်တစ်ဦးဖြစ်သည်။ "အရင်ကတော့ ကျွန်တော့် ဆီးခြံကို လုံခြုံ အောင် ကာရံထားဖို့အတွက် ၂၀၀၁ခုနှစ်က စိုက်ခဲ့တာပါ။ အသီးလဲ သီးတယ်၊ ဒါပေမယ့် အသီးရော အစေ့ရော ဘယ်လိုအသုံးဝင်တယ် ဆိုတာ မသိတော့ ဘယ်သူမှ မခူးဘူး၊ ဒီအတိုင်းမြေပေါ်ကြွေကျနေ တာပဲ၊ ပြီးခဲ့တဲ့နှစ်ကစပြီး အစေ့လည်း ရောင်းရ၊ ကိုင်းလည်းရောင်းရနဲ့ ဝင်ငွေတစ်သိန်းကျော်ရခဲ့တယ်ဗျ၊ ယခုတော့ ခြံစည်းရိုးကြက်ဆူပင် တန်းကို ဆီးဆူးခက်တွေနဲ့ လုံခြုံအောင် ထပ်ပြီးကာနေရပြီ၊ တစ်ပြည် ကို ကျပ်သုံးထောင်ကနေ စရောင်းရတာ၊ အခု ဒီနှစ်ထဲမှာ တစ်ပြည် ကို ငါးထောင်ကျော်ရပြီ၊ ခြံစည်းရိုးပတ်ပတ်လည် စိုက်ထားတဲ့ အပင် ၃၅၀၀က ဝင်ငွေကျပ် ၁၆၀၀၀ ရပြီးပြီ၊ တစ်နှစ် နှစ်ကြိမ်သီးတော့ ကျွန်တော့်စီးပွားရေးအတွက် အဓိကဖြစ်နေပြီ၊ ဒါကြောင့် အခု ကျွန်တော်စိုက်ခင်းအဖြစ် ငါးဧကစိုက်မယ်၊ ဟိုမှာ ပျိုးပင်တွေ အဆင် သင့်ပဲ"ဟု ပြပါသည်။ ကျွန်တော့်အပင်က ငါးနှစ်သားပဲရှိသေးတာ၊ ရွာထိပ်က ဦးထွေးရဲ့အပင်တွေဆိုရင် ၂၆နှစ်တောင်ရှိပြီဟု ပြောပြသဖြင့် ကျွန်တော်စိတ်ဝင်စားသွားမိသည်။

ကိုအောင်ကျော်မိုး၏ ခြံတွင်ရှိသောအပင်များမှာ ကိုးလက်မစီ ခြား၍ သံတူရွင်းနှင့် အစိုစိုက်ထားပြီး ယခုဆိုလျှင် အပင်အမြင့်မှာ ခုနစ်ပေခန့်ရှိနေပါပြီ၊ အသီးတွေလည်းအစိမ်း၊ အဝါသီးနေဆဲ တွေ့ရ ပါသည်။ နွေသီးတစ်ကြိမ် (မေလ)နှင့် ဆောင်းသီးတစ်ကြိမ် (နိုဝင် ဘာလ) နှစ်ကြိမ်သီးသည်။ တစ်ပင်ကို အစေ့တစ်ပြည်ရ၏။ အသီး တစ်သီးမှာ အစေ့ သုံးစေ့ပါရှိပြီး တစ်ခါတစ်ရံ အသီး၁၀၀ခန့်တွင် တစ်သီးခန့်၌သာ အစေ့လေးစေ့ ပါတတ်ကြောင်း ကိုအောင်ကျော်မိုး က စေ့စေ့စပ်စပ် မှတ်တမ်းမှတ်ရာနှင့် ရှင်းလင်းပြောပြပါသည်။ ယခုဆိုလျှင် ဆီးခြံဝင်ငွေ၊ ကြက်ဆူစေ့ဝင်ငွေ၊ နို့စားနွား၁၂ကောင် ဝင်ငွေ၊ နှမ်း၊ ပဲနောက်၊ ပဲစင်းငုံ ၂၂ဧကဝင်ငွေဖြင့် မိသားစုကိုးယောက် လုံလောက်စွာ စားသောက်နေထိုင်နိုင်ကြပါသည်။

သူ၏ခြံကို လေ့လာပြီးနောက် သက်တမ်း၂၆နှစ်ရှိသည့် ဦးထွေး၏ ကြက်ဆူပင်ကြီးကို ကျွန်တော်တို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

လုံးပတ်သုံးပေရှိပြီး လူတစ်ရပ်အမြင့်တွင် အပေါ်ကိုင်းများမရှိတော့ သည့် ခြံစည်းရိုးကြက်ဆူပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ၂၆နှစ်ရှိပြီ၊ ကိုင်းတွေလာခုတ်ကြသဖြင့် အပေါ်ပိုင်းမှာ ကျိုးတိုးကျဲတဲဖြစ်နေသည်။ ဂျာနယ်တစ်စောင်တွင်လည်း ပုံတောင်ပုံညာ၊ ကျောရွာဘူတာအနီးတွင် တောင်သူဦးဘထော်၏ သက်တမ်း၂၆နှစ်ရှိသည့် ကြက်ဆူပင်ကြီး အကြောင်း ဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရသည်။ ယခု ၂၆နှစ်ရှိအပင်ကြီး ကို မလှိုင်မြို့နယ်ထဲတွင် ကိုယ်တိုင်တွေ့မြင်ခဲ့ရပြီ။ ဒီလို အပင်တွေ ရွာနီးချုပ်စပ်မှာလည်း တစ်ပင်စ၊ နှစ်ပင်စရှိတယ်ဟု ဦးထွေးကပြောပြ သည်။ ခြံစည်းရိုးကြက်ဆူပင်သည် နှစ်ရှည်လများ သက်တမ်းရှိပြီး အကျိုးပြုနိုင်သည့် နှစ်ရှည်အပင်ဟု လက်တွေ့သိခဲ့ရပါပြီ၊ အသီး တွေလည်း သီးနေဆဲဖြစ်သည်။

မကြာသေးမီကပင် မကွေးမြို့မှ မိတ်ဆွေတစ်ဦးက ဖုန်းဆက်လာ သည်။ ဂန့်ဂေါမြို့မှ ခြောက်မိုင်အကွာ လယ်မကျော်ရွာအရှေ့ဘက် ငါးမိုင်ရှိ ဆင်စခန်းတွင် လုံးပတ်သုံးပေရှိပြီး အမြင့်ပေ၂၀ရှိသည့် ခြံစည်းရိုးကြက်ဆူပင်၃၀ရှိကြောင်း၊ ဂန့်ဂေါမြို့မှ နှစ်မိုင်အကွာ ပြည့်ဝ ရွာတွင်လည်း လုံးပတ်သုံးပေခန့်၊ အမြင့်၁၅ပေရှိသော ခြံစည်းရိုး ကြက်ဆူပင်၃၀ရှိကြောင်း၊ ပေါက်မြို့နယ် ရေပြာတံတားအနီး သာကြီးပင် ရွာတွင်လည်း ခြံစည်းရိုးကြက်ဆူပင်ကြီးများရှိကြောင်း ပြောပြပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ ဦးကျော်မြင့်ကလည်း တောင်ကြီးမြို့နယ် လူရိုးတောင်ကျေးရွာ တောထဲတွင် လုံးပတ်သုံးပေ၊ လေးပေရှိသည့် ကြက်ဆူပင်ကြီးများရှိကြောင်း ဓာတ်ပုံနှင့်တကွ ပေးပို့ လာပါသည်။

ခြံစည်းရိုးကြက်ဆူပင်သည် နှစ်၅၀အထိ ရှင်သန်အသီးသီး ဆွတ်ခူး နိုင်ကြောင်း၊ နှစ်၃၀အထိ သီးအားကောင်းကြောင်း လေ့လာမှုအရ သိရှိရသည်။

ယနေ့ကမ္ဘာတွင် ရေနံဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ထို့ အတွက် ကမ္ဘာတစ်ဝန်း အစားထိုးလောင်စာဆီ ရရှိသုံးစွဲရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိကြပါသည်။ အာရှ နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူစသည့်နိုင်ငံများတွင် ဇီဝဒီဇယ်နှင့် အီသနော ကဲ့သို့ သမားရိုးကျမဟုတ်သော လောင်စာဆီများရှာဖွေ ဖော်ထုတ်လျက်ရှိပြီး ဇီဝဒီဇယ်ဆီစက်ရုံများလည်း တည်ဆောက်လျက် ရှိကြောင်း သိရပါသည်။

သက်တမ်းရှည်ပြီး ဝင်ငွေကောင်းမည့် ခြံစည်းရိုးကြက်ဆူပင်ကို သမားရိုးကျ မစိုက်ပျိုးဘဲ စိုက်ခင်းကြီးများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် စိုက်ပျိုးသွားကြမည်ဆိုပါက နိုင်ငံတော်အတွက်လည်းကောင်း၊ စိုက်ပျိုးသူ တောင်သူများအတွက်လည်းကောင်း ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မန္တလေးတိုင်း မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ တောင်သူ ဦးအောင်ကျော်မိုး၏ ဆီးခြံမှ သက်တမ်း ခုနစ်နှစ်ရှိ ခြံစည်းရိုး ကြက်ဆူပင်ကို ဤသို့တွေ့ရသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် မိဘများဖြစ်သော ဦးထွန်းမြင့်–ဒေါ်လှဒွေး၊ အစ်မဒေါ်ကြည် မေနွယ်အားရည်စူး၍ ဒေါက်တာကြည်မေဟာန်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)က ငွေကျပ်ငါးသောင်း၊ တောင်ငူမြို့နေ ဦးသန်းအောင်၊ ဒေါ်ကြည်မေလွင်၊ သားမောင်လမင်းအောင်၊ သမီး မနုသန်းအောင်၊ မယုသန်းအောင် မိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကုသလ (M.A)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ဘုရားဖြူစာတော်ပြန်ပွဲ ဝင်ခွင့်ပုံစံ ထုတ်ယူနိုင်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူး၍ နတ်တော်လတွင် ကျင်းပမည့် (၇၅)ကြိမ်မြောက် စိန်ရတု ဘုရားဖြူ စာတော်ပြန်ပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ကျောင်းတိုက်အသီးသီးတွင် ဝါကပ်တော်မူကြသော သံဃာတော်များ၊ သာမဏေများသည် စာချတန်း၊ အကြီးတန်း၊ အငယ်တန်း၊ မူလတန်း ဝင်ခွင့်လျှောက်လွှာပုံစံများကို ပုဇွန်တောင် မြို့နယ် ဘုရားဖြူစာသင်တိုက်အတွင်းရှိ အသင်းရုံးခန်း၌ ရုံးချိန်အတွင်း စတင် ထုတ်ပေးနေပြီဖြစ်ကြောင်းနှင့် နောက်ဆုံးသတ်မှတ်ရက်မှာ စက်တင်ဘာ ၂၁ ရက် (တော်သလင်းလကွယ်နေ့)ဖြစ်ကြောင်း သိရသည်။ (က–ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး မဟာရုံ တံတိုင်းတစ်ခန်းအတွက်ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနေ ဦးလှမြင့်–ဒေါ်အေး အေးမော်၊ သမီးသူဇာမြင့် မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ လှူဒါန်းရာ အမှူးဆောင်ဒေါ်ခင်ခင်သန်းက လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော် ဆောင် ဥက္ကဋ္ဌဆရာတော်အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့် စဉ်။
(က–ပ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇လမ်းနေ ဦးကျော်အေး–ဒေါ်အေး ကြင်၊ သား–ကိုကျော်စိုးမင်း–မသီဂီထွန်း၊ သမီး မလှဲ့လှဲ့မင်း(ရွှေတောင် မိသားစု)တို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပရေး အရှေ့တောင်အာရှနိုင်ငံများအသင်း တိုက်တွန်း

ကွာလာလမ်ပူ ဩဂုတ် ၂၄

ယခုနှစ်ကုန်ထက်နောက်မကျဘဲ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)က ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ၌ ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးအပြီး ထုတ်ပြန်သောကြေညာချက်တွင် အာဆီယံဝန်ကြီးများက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလျက်ရှိကြသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်းသည် နိုင်ငံတကာကုန်သွယ်ရေးစနစ် ခိုင်မာအားကောင်းစေရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပခြင်းကို အလေးအနက်ထားကြောင်း နှစ်ရက်ကြာကျင်းပသည့် အစည်းအဝေးအပြီးတွင် ထုတ်ပြန်သည့် အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

ကုန်သွယ်ရေးဆွေးနွေးမှု လုပ်ငန်းစဉ်တိုးတက်လာစေရေးအတွက် မလေးရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ရေးသားထားသည်။

လယ်ယာစိုက်ပျိုးရေး ဈေးကွက်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် မသက်ဆိုင်သည့် ဈေးကွက်တို့အတွင်းသို့ ပိုမိုဝင်ရောက်နိုင်စေရေးအတွက် အကောက်ခွန် အတားအဆီးများ ရှင်းလင်းဖယ်ရှားပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအား အာဆီယံက တိုက်တွန်းကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပင်လယ်ကွေ့ဒေသတွင် ကမ်းလွန်ရေနံစမ်းသပ် ရှာဖွေနေသည့် လုပ်ငန်းခွင်တစ်နေရာကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အဝေးပြေးလမ်း၌ ထိခိုက်သေဆုံးမှုများပြားလာ

ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ အဝေးပြေးလမ်းပေါ်၌ မော်တော်ဆိုင်ကယ်များလာခြင်းကြောင့် လမ်းသွားလမ်းလာများ သေဆုံးမှုမှာ ၂၀၀၅ ခုနှစ်တွင် ၄၃၄၄၃ ဦးထိ သေဆုံးရာ ၂၀၀၄ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစိုးရဌာနက ဩဂုတ် ၂၂ ရက်တွင် ကြေညာသည်။

၂၀၀၅ ခုနှစ်တွင် ယာဉ် မိုင် သန်း ၁၀၀ လျှင် သေဆုံးသူ ၁ ဒသမ ၄၇ ဦး ဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် ၁ဒသမ ၄၅ ဦးဖြစ်ကြောင်း အမျိုးသား အဝေးပြေး ဘေးကင်းလုံခြုံမှု စီမံခန့်ခွဲရေးဌာန (အင်အိပ်ချ်တီအက်စ်အေ) က ဖော်ပြသည်။

ဦးထုပ်မဆောင်း

မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးမှုများတွင် ၂၀၀၄ ခုနှစ်၌ ၄၀၂၈ ဦး ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် ၄၅၅၃ ဦး ဖြစ်ရာ ၁၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ သေဆုံးသူများ၏ ထက်ဝက်မှာ ဆိုင်ကယ်စီးဦးထုပ် မဆောင်းကြကြောင်း သိရသည်။

လမ်းသွားလမ်းလာ သေဆုံးမှုတွင် ၂၀၀၄ ခုနှစ်က ၄၆၇၅ ဦး သေဆုံးပြီး ၂၀၀၅ ခုနှစ်တွင် ၄၈၈၁ ဦး သေဆုံးကြောင်း သိရသည်။

မော်တော်ဆိုင်ကယ် စီးနင်းမှုကြောင့် သေဆုံးမှုလျှော့ချရန် အင်အိပ်ချ်တီအက်စ်အေဌာနက ဆောင်ရွက်လျက်ရှိရာ ဆိုင်ကယ်စီးသူများကို ပုံမှန်စီးနင်းမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးဦးထုပ် အမြဲဆောင်းထားရန် သတိပေးခဲ့သည်။ မူးယစ်သောက်စား၍ မောင်းနှင်ခြင်းကိုလည်း တားမြစ်ခဲ့သည်။

မော်တော်ဆိုင်ကယ် များပြားလာမှုနှင့် လမ်းသွား လမ်းလာ သေဆုံးမှုများ မြင့်တက်လာသော်လည်း အခြားသေဆုံးမှုကိစ္စများတွင် လျော့ကျလာကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်နိုင်ငံ တူလုဆိပ်ကမ်း၌ လက်ဘနွန်နိုင်ငံသို့ ထွက်ခွာမည့် ပြင်သစ် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအား ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား ပြည်ပပို့ကုန် ယခုနှစ်၌ ဒေါ်လာ ၃၁၈ ဘီလီယံဖိုးရှိမည်

ဆိုးလ် ဩဂုတ် ၂၄

တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ်တွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၃၁၈ ဘီလီယံဖိုးထက်မနည်း တင်ပို့ရောင်းချနိုင်မည်ဟု မျှော်လင့်ကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယခုနှစ် ဩဂုတ်လတွင် ပြည်ပပို့ကုန် တင်ပို့မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကို ကျော်လွန်မည်ဟု မျှော်လင့်ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ် အလားတူကာလကထက်ပို့ကုန်တင်ပို့မှု မြင့်တင်နိုင်ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးက ရေကြောင်းနှင့်လေကြောင်းမှ ပိတ်ဆို့ထားကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး စွပ်စွဲပြောကြား

ဘေရွတ် ဩဂုတ် ၂၄

လက်ဘနွန်နိုင်ငံအား အစ္စရေးနိုင်ငံက ရေကြောင်းနှင့် လေကြောင်းတို့မှ ဆက်လက်ပိတ်ဆို့ထားကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး ဖော်ဇီဆယ်လုက အင်္ဂါနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံအား ဆက်လက်ပိတ်ဆို့ထားခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးက နယ်သာလန် နိုင်ငံခြားရေးဝန်ကြီး ဘန်ဘော့နှင့် မြို့တော်ဘေရွတ်၌ ဆွေးနွေးပြီးနောက် ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ဘနွန်နိုင်ငံသည် ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို လိုက်နာသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းဆုံးဖြတ်ချက်ပါ အပစ်အခတ်ရပ်စဲရေး စည်းမျဉ်းများကို အစ္စရေးနိုင်ငံက ဆက်လက်ချိုးဖောက်နေခြင်းနှင့် ပတ်သက်၍ လက်ခံနိုင်မည်မဟုတ်ကြောင်း၊ လက်ဘနွန်နိုင်ငံအား အစ္စရေးက ရေကြောင်းနှင့် လေကြောင်းမှ ပိတ်ဆို့ထားခြင်းသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဖော်ဇီဆယ်လုက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ခရီးသည်တင်လေယာဉ်ကို ဗုံးခွဲရန် ခြိမ်းခြောက်သူ ဩစတြေးလျနိုင်ငံသားအား တရုတ်ရဲတပ်ဖွဲ့က ဖမ်းဆီး

ကွမ်ကျိုး ဩဂုတ် ၂၄

ဩဂုတ် ၂၁ရက်က ခရီးသည်တင် လေယာဉ်တစ်စင်းကို ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့မှုဖြင့် ဟောင်ကောင်ဇာတိဖွား ဩစတြေးလျနိုင်ငံသားတစ်ဦးကို တရုတ်နိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ တရုတ်နိုင်ငံမှ ဩစတြေးလျသို့ ပျံသန်းသည့် ယင်းလေယာဉ်သည် ခြိမ်းခြောက်ခံရမှုကြောင့် ကွမ်ကျိုးမြို့သို့ ပြန်လှည့်ကာ အရေးပေါ် ဆင်းသက်ခဲ့ရသည်။

ယင်းလေယာဉ်ကို ရှာဖွေရာတွင် ဗုံးမတွေ့ရှိရကြောင်းနှင့် နောက်ဆုံး၌ ဆစ်ဒနီလေဆိပ်သို့ ဆင်းသက် နိုင်ခဲ့ကြောင်း အစိုးရ အရာရှိတစ်ဦးက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

ဗုံးခွဲမည်ဟု ခြိမ်းခြောက်သူမှာ အသက် (၃၀) အရွယ် ဝန်ချောင်ဝါ ဆိုသူဖြစ်ပြီး အလုကုန်ပစ္စည်း ရောင်းဝယ်သူဖြစ်သည်။ ကွမ်ကျိုးမှ ဆစ်ဒနီသို့ ပျံသန်းလာသော တရုတ်တောင်ပိုင်းလေကြောင်းလိုင်း လေယာဉ်ပေါ်တွင် ဗုံးတစ်လုံးပေါက်ကွဲလိမ့်မည်ဟုရေးထားသော စာတစ်စောင်ကို လေယာဉ်၏ ရေအိမ်အတွင်း ရှာဖွေတွေ့ရှိသည်ဟု ခရီးသည် တစ်ဦးက ပြောကြားခဲ့ကြောင်း ကွမ်တုန် ပြည်နယ်တောင်ပိုင်း ကွမ်ကျိုး ဘေယန် အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြည်သူ့လုံခြုံရေးဌာနမှ အမည်မဖော်လိုသော ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ အဆိုပါစာကို တာဝန်ရှိသူတို့က စစ်ဆေးကြည့်ရာ ဝန်ချောင်ဝါ၏ လက်ရေးဖြစ်သည်ကို ရဲတပ်ဖွဲ့က အတည်ပြုနိုင်ခဲ့သည်။

၎င်းမှာ ရည်းစားနှင့် ကွဲကွာသွားပြီးနောက် စိတ်ဓာတ်ကျဆင်းကာ စိတ်သက်သာမှုရစေရန် ခြိမ်းခြောက်မှုပြုလုပ်ခဲ့ကြောင်း ဝန်က ရဲတပ်ဖွဲ့သို့ ပြောကြားသည်။

တရုတ် ရာဇဝတ်ဥပဒေအရ ဗုံးဖြင့်ခြောက်လှန့်သည့်ပြစ်မှုအတွက် အမြင့်ဆုံး ငါးနှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

ဩစတြေးလျသို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ်အချို့မှာ ယင်းခြောက်လှန့်မှုကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ဩဂုတ် ၂၁ ရက် ၂၁နာရီမိနစ်၃၀တွင် ဘေယန်လေဆိပ်မှ လေယာဉ် စတင်ပျံသန်းပြီးနောက် မိနစ် ၄၀ ကျော်တွင် ရေအိမ်ထဲ၌ အဆိုပါစာကို တွေ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ပြသထားသော ကာတွန်းရုပ်ရှင် ပိုစတာတစ်ခုကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသားပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ရာ အုပ်ချုပ်သူ ဦးမောင်မောင်လောက်နှင့် နည်းပြ ဦးခင်မောင်ငွေတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရန်ကုန် ဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၆ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲမှစ၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသွားသော ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက မွန်ပြည်နယ်အသင်းကို ၂၅မှတ်–၁၄မှတ်၊ ၂၅မှတ်– ၁၀မှတ်၊ ၂၅မှတ်–၁၂မှတ် သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ ရန်ကုန်တိုင်းအသင်းသည် မွန်ပြည်နယ်ကို လက်ရည်အသာဖြင့်ကစားကာ ဗိုလ်စွဲခြင်းဖြစ်သည်။ အမျိုးသားဗိုလ်လုပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့်စစ်ကိုင်းတိုင်းတို့သူတင်ကိုယ်တင် ယှဉ်ပြိုင်ကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က သုံးပွဲ–တစ်ပွဲဖြင့်အနိုင်ရ ဗိုလ်စွဲသွားသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် ပထမပွဲငယ်တွင် ၂၄ မှတ်–၂၆ မှတ်ဖြင့် ရှုံးသော်လည်း နောက်ပွဲငယ်သုံးပွဲတွင် အချိတ်အဆက်မိမိဖြင့် လက်စွမ်းပြကာ ၂၅မှတ်–၂၁ မှတ်၊ ၂၅ မှတ်–၂၃မှတ်၊ ၂၅မှတ်–၂၀ မှတ်တို့ဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါ်သက်ရီက အမျိုးသမီးပြိုင်ပွဲ ပူးတွဲတတိယဆုရ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါ်ခင်ညွန့်မြိုင်က ဒုတိယဆုရ မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်တစ်သိန်းခွဲကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးတိုးမောင်က အမျိုးသားပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်း အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အား/ကာ ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ဒုတိယဆုရ စစ်ကိုင်းတိုင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်းခွဲကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အား/ကာ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အကောင်းဆုံးအားကစားသမားဆုရရှိကြသော အမျိုးသား ရဲရင့်ထွန်း (စစ်ကိုင်း)နှင့် အမျိုးသမီး ယဉ်နှင်းဖြူ (ရန်ကုန်)တို့အား ဆုတံဆိပ်နှင့် ကျပ်နှစ်သောင်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရရှိကြသော ရန်ကုန်တိုင်း အမျိုးသမီး အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

မာဒေးကားဖလားပွဲ မြန်မာနှင့်အင်ဒိုနီးရှား ဂိုးမရှိသရေကျ

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၆ ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Shah Alam Stadium တွင် ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် မြန်မာနှင့် အင်ဒိုနီးရှား၊ ဒုတိယပွဲစဉ်တွင် မလေးရှားနှင့် ထိုင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဂိုးမရှိသရေပွဲ

ပထမပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှား လက်ရွေးစင်ဘောလုံးအသင်းတို့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စတင်ကစားရန်ဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းနေခြင်းကြောင့် ပွဲကစားချိန်ကို အနည်းငယ်ရွှေ့ဆိုင်းခဲ့ရကြောင်း၊ ပထမပိုင်းကစားချိန်အတွင်း နှစ်သင်းစလုံး ဂိုးသွင်းနိုင်သည့် အခွင့်အလမ်းများ ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့ကြကြောင်း၊ ဒုတိယပိုင်းကစားရာတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲကို ခေတ္တရပ်နားခဲ့ရပြီး ဒုတိယပိုင်းပွဲချိန်တစ်လျှောက်လုံး တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ခြင်းကြောင့် ဂိုးမရှိ သရေပွဲဖြစ်သွားကြောင်း သိရသည်။

ယနေ့ပွဲတွင် မြန်မာအသင်း၌ ဂိုး–အောင်အောင်ဦး၊ နောက်တန်း–မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ခင်မောင်လွင်၊ အလယ်တန်း–အောင်ကျော်မိုး (အောင်မြင့်အေး)၊ စိုးမြတ်မင်း၊ စိုးသီဟအောင်၊ အောင်မျိုးသန့်၊ ရှေ့တန်း–ဇော်ဇော်၊ စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

နှစ်မှတ်ရရှိထား

ယခုပွဲတွင် သရေကျခဲ့ခြင်းကြောင့် မြန်မာနှင့် အင်ဒိုနီးရှားနှစ်သင်းစလုံး နှစ်ပွဲကစား နှစ်ပွဲသရေဖြင့် နှစ်မှတ်စီရရှိထားကြသည်။ မြန်မာအသင်းသည် ဩဂုတ် ၂၇ ရက်တွင် အိမ်ရှင် မလေးရှားနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ကြေးမုံ)

အင်တာနက် အားကစား သတင်းများ

ချန်ပီယံလိဂ် အုပ်စုအဆင့်ပြိုင်ပွဲတွင် ဘာစီလိုနာနှင့် ချယ်လ်ဆီးအကြိတ်အနယ်ရှိမည်

မိုနာကို ဩဂုတ် ၂၅

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲအုပ်စုအဆင့်ပြိုင်ပွဲများတွင် ချန်ပီယံ ဘာစီလိုနာအသင်းနှင့် အင်္ဂလန်ပရီမီယာလိဂ် ချန်ပီယံ ချယ်လ်ဆီအသင်းတို့ တစ်အုပ်စုတည်း ကျရောက်သဖြင့် အကြိတ်အနယ်ယှဉ်ပြိုင် ကစားကြရမည်ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

အနိုင်ရ

ထိပ်တန်းအသင်း နှစ်သင်းဖြစ်သော ဘာစီလိုနာအသင်းနှင့် လန်ဒန်ကလပ်အသင်းဖြစ်သည့် ချယ်လ်ဆီးအသင်းတို့ တွေ့ဆုံခြင်းသည် သုံးနှစ်တာကာလအတွင်း တတိယအကြိမ်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ဘောလုံး ပြိုင်ပွဲတွင် ဒုတိယအကျော့ပွဲစဉ်၌ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့သည်။

အုပ်စု (က)တွင်ပါဝင်သော ဘာစီလိုနာနှင့် ချယ်လ်ဆီးအသင်းတို့သည် ဝါဒါဘရီမင်အသင်းနှင့်လည်း ယှဉ်ပြိုင်ရန်ရှိနေသည်။ ဝါဒါဘရီမင်အသင်းသည် လွန်ခဲ့သည့် ဘောလုံးရာသီက ဂျာမန် ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။ အုပ်စု (က)၏ အခြားသော အသင်းတစ်သင်းမှာ ဘူလ်ဂေးရီးယားနိုင်ငံမှ လက်ဗ်စကီး ဆိုဖီယာအသင်းဖြစ်သည်။ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်ကို စက်တင်ဘာ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အင်တာနက်။

ချန်ပီယံ ဘာစီလိုနာ အသင်း၏ နည်းပြ ဖရန့်ခ် ရစ်ကတ်။

(ဓာတ်ပုံ – အင်တာနက်)

ဥရောပ၏ အကောင်းဆုံး ဘောလုံးသမားဆုရ ရော်နယ်ဒင်ဟို။ *(ဓာတ်ပုံ–အင်တာနက်)*

ဥရောပ၏ အကောင်းဆုံးဘောလုံးသမား ရော်နယ်ဒင်ဟို ရွေးချယ်ခံရ

မိုနာကို ဩဂုတ် ၂၅

ဘရာဇီးလူမျိုးစူပါစတားဘောလုံးသမား ရော်နယ်လ်ဒင်ဟိုအား ဥရောပ၏ နှစ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုအတွက် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ရွေးချယ်လိုက်ကြောင်း ဩဂုတ် ၂၅ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

စပိန်ကလပ်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းတွင် ကစားနေသူရော်နယ်လ်ဒင်ဟိုသည် မိုနာကိုနိုင်ငံ မွန်တီ ကာလိုမြို့၌ ကျင်းပသည့် အခမ်းအနားတွင် ဥရောပတိုက်၏ နှစ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို လက်ခံရယူသည်။

ဥရောပတိုက်၏ နှစ်အလိုက်အကောင်းဆုံး တိုက်စစ်မှူးဆုကို ကင်မရွန်းနိုင်ငံမှ ဆမ်မြူယယ်အီတိုးက လည်းကောင်း၊ အကောင်းဆုံး နောက်တန်း ဘောလုံးသမားဆုကို စပိန်နိုင်ငံမှ ကားလ်စ်ပူယိုးလ်ကလည်းကောင်း၊ အကောင်းဆုံး ကွင်းလယ်ကစားသမားဆုကို ပေါ်တူဂီနိုင်ငံမှ ဒီကိုက လည်းကောင်း အသီးသီး ဆွတ်ခူးရရှိသည်။

အင်တာနက်။

ရော်နယ်လ်ဒို အသင်းပြောင်းရွှေ့ရေး ဆွေးနွေးမှုများ တုံ့ဆိုင်းနေ

မဒရစ် ဩဂုတ် ၂၅

ရီးယဲလ်မဒရစ်အသင်း၏ တိုက်စစ်မှူး ရော်နယ်လ်ဒိုအား အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရေး ဆွေးနွေးမှုများမှာ တိုးတက်မှုမရှိဘဲ တုံ့ဆိုင်းနေကြောင်း ဩဂုတ် ၂၅ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဘရာဇီးလူမျိုး နာမည်ကျော်ဘောလုံးသမား ရော်နယ်လ်ဒိုသည် မိမိအသင်းအတွက် အခရာကျသည့် ဘောလုံးသမားဖြစ်သည်ဟု ရီးယဲလ်မဒရစ်နည်းပြ မာဘီယိုကာပယ်လိုက အခိုင်အမာ ဆက်လက်ပြောကြားနေဆဲဖြစ်သည်။

လိုလားမှုမရှိ

ရော်နယ်လ်ဒိုအား အသင်းပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဖြင့် ရောင်းချမည်ဟု ကာပယ်လိုက အစောပိုင်းတွင် ပြောကြားခဲ့သော်လည်း ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ရီးယဲလ်မဒရစ်အသင်းက ဘယ်လ်ဂျီယံနိုင်ငံမှ အင်ဒါလက်ချ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရော်နယ်လ်ဒိုအား လွှဲပြောင်းပေးရေး ဆွေးနွေးရန် ကာပယ်လိုက လိုလားမှုမရှိတော့ကြောင်း သတင်း၌ ဖော်ပြထားသည်။ ***အင်တာနက်။***



ဘရာဇီးလူမျိုး ဘောလုံးသမား ရော်နယ်လ်ဒို။

(ဓာတ်ပုံ–အင်တာနက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော်　　ဩဂုတ်　　၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

အဆိုပါ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ရွှင်ရယ် ကုမုဒြာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ရဲဗိုလ်ချုပ်ကြီး ချစ်ချိုင်းဗာနာဆာတီဒီယား ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ ပြည်သူများ သုံးစွဲရန် မသင့်ကြောင်း ကြေညာခြင်း

၁။ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ ဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်၍ ပြည်သူအများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်—

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်ရာဌာန
၁။	လျှပ်စစ်အမှတ်တံဆိပ် ယားနာအမျိုးမျိုးပျောက်ဆေးရည်	ရသာယနဝိဇ္ဇာ၊ သိပ္ပံဆေးကုခန်း၊ ဆေးတိုက်၊ အိုးတန်း၊ ကမ်းနားလမ်း၊ စစ်တွေမြို့။
၂။	သွားပုံအမှတ်တံဆိပ် သွားကိုက်ပျောက်ဆေးရည်	ရသာယနဝိဇ္ဇာ၊ သိပ္ပံဆေးကုခန်း၊ ဆေးတိုက်၊ အိုးတန်း၊ ကမ်းနားလမ်း၊ စစ်တွေမြို့။
၃။	သုခအမှတ်တံဆိပ် အကြောပြေဝမ်းနုတ်ဆေးပြား	သုခဆေးတိုက်၊ စ/၁(ခ)၊ မေဓာဝီလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
၄။	ခြင်္သေ့အမှတ်တံဆိပ်နှလုံးအထူးအားဆေး	ထိပ်တန်းဆေးတိုက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း။
၅။	တူတံဇဉ်အမှတ်တံဆိပ် ၂ မိနစ်အပူကျဖျားနာကိုက်ခဲပျောက်ဆေး	တူတံဇဉ် ဆေးဝါးထုတ်လုပ်ရေး။ (နေရပ်လိပ်စာဖော်ပြမထားပါ)
၆။	ရွှေလင်းယုန်အမှတ်တံဆိပ် အပူကျဖျားနာကိုက်ခဲပျောက်ဆေး	ရွှေလင်းယုန် ဆေးတိုက်၊ရန်ကုန်မြို့။
၇။	စောဒေဝီအမှတ်တံဆိပ်သွေးပုပ်ချဆေး	ဈေးကြီးဒေါင့်၊ ဘုရားလမ်း၊ မအူပင်မြို့။
၈။	နံပါတ်ဝမ်းသွားကိုက်သွားနာပျောက်ဆေး	နံပါတ်ဝမ်းဆေးတိုက် မန္တလေးမြို့။
၉။	လက်ဝါးနှင့်မှတ်ဆိတ်တံဆိပ်ပန်းနာသုခရှူဆေး	၂၃၂၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။

၂။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးဖြန့်ဖြူးသည့်လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဩဂုတ် ၁၉ ရက်က သဃ်န်းကျွန်းမြို့နယ် အမက (၁၅)တွင် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး အစီအစဉ်အရ မေလိခအိမ်ရာနေ ဒေါ်ချိုချို၏ မွေးနေ့အဖြစ် အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်သောင်း ဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ကျင်းပ

ရန်ကုန်　　ဩဂုတ်　　၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ယမန်နေ့တွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ ကိုယ်စားလှယ်များနှင့် ထူးချွန်ဆုရ လူငယ်အသင်းဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ရန်ကုန် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦးနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကျင်းပခဲ့သည့် လူငယ်တင်းနစ်ပြိုင်ပွဲတွင် ထူးချွန်စွာ အနိုင်ရရှိခဲ့သည့် မျိုးဆက်သစ် လူငယ်အားကစားသမား နှစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအပေါ် ကဏ္ဍအလိုက်အကြံပြုဆွေးနွေးကြပြီး သဘာပတိက အစည်းအဝေး၏ အတည်ပြုချက်ရယူကာ ဆုံးဖြတ်ချက်များကို ချမှတ်သည်။

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)တွင် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ရေးအတွက် အလှူရှင်ရှစ်ဦးတို့က အလှူငွေ ကျပ် ၂၄ သိန်းကိုလည်းကောင်း၊ ဖြိုးမေတ္တာကျန်းမာရေးစောင့်ရှောက်မှု အသင်းအတွက် အလှူရှင် သုံးဦးတို့က အလှူငွေ ကျပ်ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျပန်နိုင်ငံ Yomiuri Shimbun သတင်းစာ ဗန်ကောက်ဗျူရိုမှ သတင်းထောက် Mr. Kawabe လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Yomiuri Shimbun သတင်းစာ ဗန်ကောက်ဗျူရိုမှ သတင်းထောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျပန်နိုင်ငံ Yomiuri Shimbun သတင်းစာဗန်ကောက်ဗျူရိုမှ သတင်းထောက် Mr. Kawabe သည် ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တပ်မတော်စိုက်ပျိုးရေး သင်တန်း အမှတ်စဉ်(၅၈) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

တပ်မတော် စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၅၈) ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ မြန်မာ့ ဆန်စပါး သုတေသနဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

စိန္တာမုနိစေတီတော် ဗုဒ္ဓပူဇနီယပွဲအတွက် လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

ညောင်ဦးမြို့နယ် စဥ့်ကူမြို့၊ မြို့ကုန်းရပ်၊ ရှေးဟောင်း စိန္တာမုနိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)မှ ကြီးမှူး၍ စဥ့်ကူမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဝါဆိုသံဃာ ၃၄၆ပါး၊ သီလရှင် ၁၄ ပါးကို ဩဂုတ် ၃၀ ရက် နံနက် လောင်းလှူရန်အတွက် အင်းစိန် အထက (၂)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ လှူဒါန်းသည့် ကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်တော်အိတ် ၂၀ နှင့် အချိုပွဲကပ်လှူရန်အတွက် ငွေကျပ် ၃၂၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက ဆီမီး ၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

အလားတူ အင်းစိန် အထက(၁)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများလှူဒါန်းသည့် ကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်တော်အိတ် ၂၀ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ဆီမီး ၉၉၀၀ အဖွဲ့နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ထံ ယနေ့မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းသည်။ (၆၁)

စာပေညီလာခံ အတွေ့အကြုံရှင်းလင်း မူးယစ်အန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၅

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ရက်နံနက် ၉နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မြို့နယ်ခန်းမတွင်ပြုလုပ်ရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူးဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)တို့ တက်ရောက် အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံမြေမောင်မောင်ကြည်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးတို့၏ မှာကြားချက်များကိုလည်းကောင်း၊ မြို့နယ်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မောင်နေမျိုးက စတုတ္ထအကြိမ်စာပေညီလာခံအတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကိုဆက်လက်ကျင်းပရာ စာရေးဆရာဘသက်ဆွေ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအသင်းမှ ဒေါ်မြသဇင်၊ စာရေးဆရာသုမောင်နှင့် အဏ္ဏဝါစိုးမိုးတို့က ဟောပြောကြသည်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

သီတဂူကြယ်တစ်ပွင့် တရားပွဲ

ရန်ကုန် ဩဂုတ် ၂၅

မန္တလေးမြို့ ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် ဆရာတော် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် စက်တင်ဘာ ၆ရက်ညတွင် ရတနာထွန်းဓမ္မာရုံ ၃၄လမ်း၊ မန္တလေးမြို့၊ စက်တင်ဘာ ၇ရက်မှ ၁၃ရက်အထိ သာသနာ့ဗိမာန်တော် ဗန်းမော်မြို့နှင့် စက်တင်ဘာ ၁၄မှ ၁၅ရက်အထိ တကောင်းမြို့တို့တွင် တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဩဂုတ် ၃၀ ရက် (တော်သလင်းလဆန်း ၈ရက်)မွန်း လွဲ၁နာရီတွင် ရွှေတိဂုံရင်ပြင်တော်သောကြာထောင့် ဆံတော်တွင်းတန်ဆောင်း၌ လည်းကောင်း၊ စက်တင်ဘာ ၁ ရက်နှင့် ၂ ရက် (တော်သလင်းလဆန်း၁၀၊ ၁၁)ရက်ညများတွင် ဟင်္သာတမြို့၊ လယ်တီကွင်းရပ်ကွက် မေဃဝတီပရိယတ္တိစာသင်တိုက်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟုသိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ချည်ခင်ချည်မျှင်ပိတ်စအသွင်
၇း၂၀	တေးဂီတအစီအစဉ်
၇း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ စာရေးဆရာကျော်သီဟ (ဟင်္သာတ)နှင့်တွေ့ဆုံခြင်း
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	လေယာဉ်စီးပြီး ဝေဟင်ခရီးသွားကြရအောင်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	စက္ကူလွှင့်လွင့်ပန်းယဉ်ယဉ် အလှဆင်စေချင်
၈း၂၅	မိုးလေဝသခန့်မှန်းချက်
၈း၃၀	တစ်ပတ်အတွင်းအားကစားသတင်း
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	အသည်းရောင်အသားဝါ(စီ) ပိုးတွေ့ရှိနေလျှင် (ဒေါက်တာခင်မောင်ဝင်း)
၉း၀၅	Music Gallery (ချစ်နေရရင်ပြီးတာပဲ)
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ပေမူမှသည် ပုံနှိပ်မှုသို့
၉း၅၅	Celebrity Style(ဖေယျ)
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း (ချစ်ဦးညို)
၁၀း၄၅	Basic Computer Learning For Beginner (Vol.4)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	အားလုံးကို သိစေချင်တယ် (ဦးကျော်ရှိန်၊ဒေါ်တင်တင်အိ၊ နန်းဆုရတီစိုး)
၁၁း၄၀	နိုင်ငံတကာအနုပညာရေးရာ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၆း၁၀	Liverpool-Westham	5-Sports (Live)
၈း၂၅	Tottenham-Everton	5-Sports (Live)
	Watford-Man Utd	5-Series (Live)
	Wigan-Reading	5-Cartoon(Live)
၁၀း၄၀	Man City-Arsenal	5-Sports (Live)
၁၁း၀၀	Fulham-Sheffield United	5-Sports (SDD)

လူကုန်ကူးမှု ကျူးလွန်သူတရားခံနှစ်ဦးအား ပြစ်ဒဏ်အသီးသီးချမှတ်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးများ ပေးထားသည်။ အထူးသဖြင့်မြန်မာအမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် လူမှောင်ခိုနှင့်လူကုန်ကူးမှုမှ ကင်းဝေးစေရန်အတွက် တရားဥပဒေနှင့်အညီ အဘက်ဘက်က တားဆီးကာကွယ် စောင့်ရှောက်ပေးလျက်ရှိသည်။

ယင်းသို့ဥပဒေနှင့်အညီ တားဆီးကာကွယ် စောင့်ရှောက်လျက်ရှိချိန်တွင် ဥပဒေကိုမျက်ကွယ်ပြုကာ မြန်မာအမျိုးသမီးငယ်ရွယ်သူများအား လူမှောင်ခိုကုန်ကူးခဲ့ကြသော တရားခံများဖြစ်ကြသည့် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲရပ်ကွက်(ဂ)နေ မရန်ဖိုက်ရီ (၂၂)နှစ်၊ (ဘ)ဦးရန်ကွေ့ရှင်းအား မူဆယ်ခရိုင်တရားရုံးက ဩဂုတ် ၁၁ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ(၁၄)အရ ထောင်ဒဏ်(၁၀)နှစ်၊ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာအုပ်စု ရပ်ကွက်(၁) အရ်ယန်ရွာနေ နော်ဆိုင်း (၃၆)နှစ်၊ (ဘ) ဦးအိုက်လိတ်အား ဩဂုတ် ၁၄ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ(၂၄)အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားခံမရန်ဖိုက်ရီသည် ကွက်ခိုင်မြို့နယ် တာမိုးညဲရပ်ကွက်(၈)နေ တောင်သူ မအေးအေးစံ (၂၄)နှစ်(ဘ) ဦးရန်စီရင်အား တရုတ်လူမျိုးတစ်ဦးနှင့် အဓမ္မပေးစားရန်အတွက် ငွေကျပ် ၉၆၀၀၀၀ပေးမည်ဟု ဖြားယောင်းသွေးဆောင်စည်းရုံး၍ စရန်ငွေကျပ် ၂၀၀၀၀၀ ပေးပြီး ခေါ်ဆောင်လာစဉ် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် တစ်ဖက်နိုင်ငံနယ်စပ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ၍ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် မူဆယ်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့က အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တရားခံနော်ဆိုင်းသည် တရားလိုဒေါ်ဂျီးတောင်၏ သမီး မလုအောင်(၁၆-နှစ်)နှင့် အိမ်နီးချင်း မဆိုင်းနန်(ခ)မရွက်နန်း(၁၈-နှစ်)တို့အား အလုပ်ရှာပေးမည်ဟု ဖြားယောင်းသွေးဆောင်စည်းရုံးကာ တစ်ဖက်နိုင်ငံအတွင်းသို့ ခေါ်ဆောင်ရောင်းစားထားခဲ့သဖြင့် မလုအောင်၏ မိခင်ဒေါ်ဂျီးတောင်က တရားလိုပြုလုပ် တိုင်တန်းခဲ့၍ အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သွေးဆောင်ဖြားယောင်းခေါ်ဆောင်ခြင်းခံရသူ မအေးအေးစံအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များက နှစ်သိမ့်ဆွေးနွေးအားပေးကြပြီး နွေးထွေးစွာ ကြိုဆိုကာ မိဘရင်ခွင်သို့ စနစ်တကျ ပြန်လည် အပ်နှံပြီးဖြစ်သည်။

သွေးဆောင်ဖြားယောင်း၍ ရောင်းစားခြင်းခံရသူ မလုအောင်နှင့် မဆိုင်းနန်(ခ)မရွက်နန်းတို့အား ပြန်လည်ကယ်တင်နိုင်ရေးအတွက် တစ်ဖက်နိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နေရာခွဲခြားယှဉ်ပြိုင်နိုင်ရေးအတွက် သီးခြားစီစဉ်ထား လုံခြုံမှုအတွက် ကောင်းမွန်စိတ်ချရသော နေရာဖြစ်သည့်အတွက် အေးချမ်းသာယာစွာ ကျင်းပနိုင်မည်

❀ **ရှေ့ဖုံးမှ**

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ သားစဉ်မြေးဆက်တိုင် ဆက်လက်ရှင်သန် ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ် ကျင်းပခဲ့သည့် ရည်ရွယ်ချက်နှင့် အစဉ်အလာအတိုင်း ယခုနှစ်တွင်လည်း (၁၄)ကြိမ်မြောက် ပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပသွားမည်ဖြစ်ကြောင်း။

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို ၁၉၉၃ခုနှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် (၁၄)ကြိမ်မြောက်ဖြစ်ကြောင်း၊ ဤပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးကို ယခင်နှစ်များတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံရှိပုဂ္ဂိုလ်များဖြင့်ပင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် (၁၃)ကြိမ်မြောက်အထိ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ရန်ကုန်မြို့၌ ကျင်းပခဲ့သော်လည်း (၁၄)ကြိမ်မြောက်ပြိုင်ပွဲကို နိုင်ငံတော်အစိုးရ ပြောင်းရွှေ့ရုံးစိုက်ရာဒေသဖြစ်သော နေပြည်တော်တွင် ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း။

အခက်အခဲမရှိ

နေရာသစ်၌ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သော်လည်း ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် အခြေခံ စည်းမျဉ်းစည်းကမ်းများ၊ လုပ်နည်းစနစ်များနှင့် အမှတ်ပေးစည်းမျဉ်းများသည် ပြောင်းလဲခြင်းမရှိသည့်အတွက် လုပ်ရိုးလုပ်စဉ်များဖြစ်ပြီး အခက်အခဲမရှိနိုင်ပါကြောင်း။

ပြီးခဲ့သည့်နှစ် (၁၃)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြည်နယ်/တိုင်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အင်အား ၂၄၀၀ ကျော် ရှိခဲ့သဖြင့် ယခုနှစ်တွင်လည်း နေပြည်တော်တွင် ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည့်အတွက် အဆိုပါ အင်အားထက် မလျော့နိုင်သည်ကို တွက်ဆနိုင်ကြောင်း၊ ယင်းအင်အား ၂၄၀၀ ကျော်ကို တစုတစည်းတည်းထားရန်အတွက် နေရာထိုင်ခင်းလည်း အသင့်ရှိပြီးဖြစ်ကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နေရာခွဲခြားယှဉ်ပြိုင်နိုင်ရေးအတွက် သီးခြားစီစဉ်ထားကြောင်း၊ တစ်နေရာတည်း စုစုစည်းစည်းဖြင့် အဆင်ပြေပြေ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွင့်ပွဲနှင့် ဆုပေးပွဲပြုလုပ်မည့် ကဇာတ်ရုံကိုလည်း ပြုပြင်မှုတချို့ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို ဝန်ကြီးချုပ်က ကြည့်ရှုပြီး ညွှန်ကြားမှုပေးခဲ့ပြီးဖြစ်ကြောင်း။

ကောင်းမွန်စိတ်ချရ

ပြိုင်ပွဲကျင်းပမည့် နယ်မြေသည် လုံခြုံမှုအတွက်လည်း ကောင်းမွန်စိတ်ချရသော နေရာဖြစ်သည့်အတွက် ယခုနှစ်ပြိုင်ပွဲကို လုံလုံခြုံခြုံနှင့် အေးချမ်းသာယာ ကျင်းပသွားနိုင်မည်ဖြစ်ကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ အောင်အောင်မြင်မြင်၊ စည်စည်ကားကား၊ သိုက်သိုက်ဝန်းဝန်းဖြင့် ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်မှ ပြိုင်ပွဲကျင်းပရေး ဦးတည်ချက်(၇)ရပ် ချမှတ်ပေးထားပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဦးဆောင်သည့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီတို့ကို ယခင်အတွေ့အကြုံရှိခဲ့သူများနှင့်ပင် ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

စနစ်တကျစီမံ

ပြည်နယ်/တိုင်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များ စိတ်အေးချမ်းမြေ့စွာ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့် အုပ်ချုပ်မှုကိစ္စရပ်တို့ကို မလစ်ဟင်းစေရအောင် ယခင်နှစ်များနည်းတူ ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်ပြိုင်ပွဲကို နေပြည်တော်၌ အောက်တိုဘာလ ဒုတိယပတ်ခန့်တွင် ကျင်းပရန် လျာထားသည့်အတွက် အချိန်ကာလအားဖြင့် တစ်လကျော်ကျော် နှစ်လနီးပါးခန့်သာ လိုတော့သည့်အတွက် ပြည်နယ်/တိုင်းအသီးသီးတို့မှ အရည်အချင်းပြည့်မီစွာ ယှဉ်ပြိုင်နိုင်ရေးနှင့် နေပြည်တော်တွင် ပြိုင်ပွဲကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပြိုင်ပွဲမတိုင်မီ ရှေ့ဆက်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ အခန်းကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးသွားကြရန် ပဏာမ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ပြိုင်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ယခင်နှစ်များက အစဉ်အလာအတိုင်း ကျင်းပသွားရန် စီစဉ်ထားရှိမှု၊ ပြိုင်ပွဲအလိုက် ကျင်းပမည့်နေရာများ ရွေးချယ်စီစဉ်ထားမှု၊ အစည်းအဝေးများကျင်းပ၍ ပြိုင်ပွဲအတွက် အသေးစိတ် ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုများ၊ ပြည်နယ်နှင့်တိုင်းအလိုက် ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲအလိုက် အဆင့်သတ်မှတ်ချက်များနှင့် ပြိုင်ပွဲတွင်ပါဝင်သည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပြိုင်ပွဲ၏ ရည်ရွယ်ချက်များ၊ ပြိုင်ပွဲကျင်းပမည့်နေရာများ မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုများ၊ ပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုအမျိုးအစားများ၊ ပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားများ ကျင်းပရန် စီစဉ်ထားရှိမှုများ၊ ပြိုင်ပွဲကျင်းပရေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာများ စိုက်ထူထားရှိမည့် အစီအစဉ်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့များနှင့် ပြိုင်ပွဲဝင်များ လိုက်နာရမည့် စည်းကမ်းများ၊ ပြိုင်ပွဲဝင်များအတွက် ကြိုဆိုရေး၊ ပို့ဆောင်ရေး၊ နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကျန်းမာရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြိုင်ပွဲအတွက် ရန်ပုံငွေစုဆောင်းရရှိမှု၊ ပြိုင်ပွဲများ၏ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ သတင်း၊ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများနှင့် သတင်းထုတ်ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးေ
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က
တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး
အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်
သည်။

ပြည်နယ်/ တိုင်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များ စိတ်အေးချမ်းမြေ့စွာ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် အုပ်ချုပ်မှုကိစ္စရပ်တို့ကို မလစ်ဟင်းစေရအောင် ယခင်နှစ်များနည်းတူ ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိ။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်
(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်
(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်
(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်
(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်
(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်
(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမို ရှင်သန်ခိုင်မာစေရန်

မြန်မာ့ရုပ်မြင်သံကြ

၂၆–၈–၂၀၀၆ (

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
၈း၀၅ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammar Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ"(အပိုင်း–၁၃)**
၁း၀၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁း၂၅ ၈။ **"နှစ်မြှာနတ်မိမယ်" (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–အောင်ကျော်ကျော်)**
၁း၄၅ ၉။ အဆိုပြိုင်ပွဲ
၁း၅၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၁၀ ၁၁။ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမိုင်းရယ်ကြက်ဆူ
၂း၂၀ ၁၂။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)**

၂း၂၅
၂း၃၅
၂း၄၅
၃း၀၀
ညပိုင်
၄း၀၀
၄း၁၅
၄း၃၀
၄း၄၀
၄း၅၅
၅း၁၀
၅း၁၅
၅း၂၅
၅း၃၅
၆း၀၀
၆း၃၀
၆း၃၅
၆း၅၀
၇း၀၀
၇း၁၀
၈း၀၀

နိဂုံးချုပ်အမှာစကားပြောကြား

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် နာယကများ၊ ဦးစီးကော်မတီဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများတွင် အသုံးပြုမည့် အခမ်းအနားနောက်ခံ ဒီဇိုင်းပုံစံများ၊ ပိုစတာများ၊ ပို့စကတ်များ လက်ကမ်းစာစောင်များ၊ သတင်းလွှာများ၊ ဝေဿန္တရာဇာတ်တော်ကြီးနှင့် သဒ္ဒါသုမနရုပ်သေးဇာတ်များမှ ဇာတ်ဝင်ခန်းများ၊ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ဖိတ်ကြားလွှာ ပုံစံများကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နာယကများ၊ ဦးစီးကော်မတီဝင်များ ခန်းမအတွင်း ခင်းကျင်းပြသထားသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများတွင် အသုံးပြုမည့် ပစ္စည်းများ၊ စာစောင်များ၊ ဖိတ်ကြားလွှာပုံစံများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၀၅ ၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေ့တံတား

၈:၀၅ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ"(အပိုင်း-၁၃)**

၁:၀၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ

၁:၂၅ ၈။ **"နှစ်မြှာနတ်မိမယ်" (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ- အောင်ကျော်ကျော်)**

၁:၄၅ ၉။ အဆိုပြိုင်ပွဲ

၁:၅၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၂:၁၀ ၁၁။ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမိုင်းရယ်ကြက်ဆူ

၂:၂၀ ၁၂။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး)**

၂:၂၅ ၁၃။ အကပြိုင်ပွဲ

၂:၃၅ ၁၄။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား

၂:၄၅ ၁၅။ International News.

၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)**

၅:၁၀ ၆။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**

၅:၁၅ ၇။ နားဝင်ပီယံသူ့လက်သံ

၅:၂၅ ၈။ တေးဂီတအစီအစဉ်

၅:၃၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ Diseovery

၆:၅၀ ၁၃။ တေးဂီတအစီအစဉ်

၇:၀၀ ၁၄။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား)

၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမာန်ဆောင်းရဲ့ နေ့ရက်များ"(အပိုင်း-၁)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၁၃)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

အင်ဒိုနီးရှားနိုင်ငံ ထုတ်ကုန်ပစ္စည်းပြပွဲ UMFCCI Tower ၌ ခင်းကျင်းပြသမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI တို့ ပူးပေါင်းစီစဉ်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံ ထုတ်ကုန်ပစ္စည်းပြပွဲကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ၌ ဩဂုတ် ၂၇ရက်နှင့် ၂၈ရက်တို့တွင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ကုန်ပစ္စည်းမျိုးစုံ

အဆိုပါပြပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ အထည်အလိပ်နှင့် အဝတ်အထည်များ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာ ပစ္စည်းများ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ စားသောက်ကုန်ပစ္စည်းများ၊ ကြိမ်နှင့် ပရိဘောဂပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာပစ္စည်းများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းဆိုင်ရာပြခန်းတို့ကို ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပြခန်းများလည်း ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး အထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲတွင် အထွေထွေအတွင်းရေးမှူး ပြောကြားသည့်အမှာစကား၊ L.T.A ၏ Globalization နှင့် တတိယကမ္ဘာ၊ တက္ကသိုလ်တင်ခ၏ မြန်မာနိုင်ငံ သတင်းစာသမိုင်းအကျဉ်း၊ မောင်မောင်အုန်း(လယ်ဝေး)၏ ကြည်နူးစရာ မြင်ကွင်းတစ်ခု၊ စိမ်းမြရည်(ပြန်/ဆက်)၏ မွန်မြတ်စိတ်ထား၊ ဒေါက်တာလှမောင်(စီးပွားရေး)၏ အသိပညာနှင့် စီးပွားရေး တိုးတက်မှု၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ ပုဗ္ဗေစကတပုညတာ၊ ညွှန့်ဟံ(ကြူတော)၏ မပျောက်ကွယ်သင့်သော မြတ်နိုးစရာအရိုးအစဉ်များ၊ မင်းသစ်ဦး၏ ကမ္ဘာ့ဈေးကွက်ဝင် ဂျပန်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ၊ မောင်စိန်နိုင်(ဓာတုဗေဒ)၏ လမ်းလျှောက်လို့သာ ကျန်းမာပါစေ၊ ပြည်သန်းဆွေ၏ အလုပ်နှင့်အချိန် စသည့် မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ နေဝင်းနီ၏ ပြည့်သားငယ်ကဗျာ၊ မြန်မာစာအုပ်အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဒိုးကွင်း စိုက်ပျိုးရေးခြံစစ်ဆေး စီးပွားရေးတွက်ခြေကိုက်ရေး မှာကြား

နေပြည်တော် ဩဂုတ် ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဒိုးကွင်းစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာက ဆေးဖက်ဝင် သစ်ခွမျိုးများနှင့် ငှက်ဖျားဖြတ်ဆေးပင် (အာတီးမီးစီးယား)စိုက်ခင်း၊ ကညွတ်စိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်ရသည့် ဆေးဖက်ဝင် သစ်ခွမျိုးများ ပျိုးပင်နှစ်သိန်း တစ်သျှူးနည်းဖြင့် မျိုးပွားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ခြံလုပ်ငန်းများကို စီးပွားရေး တွက်ခြေကိုက်အောင် ပြုလုပ်ရန်၊ ဆေးဖက်ဝင် သစ်ခွမျိုးများမှ ရောင်းတမ်းဝင်မျိုးများ ဦးစားပေး ထုတ်လုပ်ရေး၊ ပျိုးပင်လိုအပ်ချက် ဖြည့်စွမ်းပေးရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် အင်းကုန်းရွာရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးစန်းလွင်က စက်ရုံမှ လက်တွန်းထွန်စက်နှင့် စပါးရိတ်စက် ထုတ်လုပ်မှု၊ စက်အရန်ပစ္စည်းများ ထုတ်လုပ်မှုကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဒီဇယ်စပါးရိတ်စက်လေးမျိုး ထုတ်လုပ်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တောင်သူလယ်သမားစိတ်ကြိုက် လုပ်ငန်းတွင်ကျယ်ပြီး ပေါ့ပါးခိုင်ခံ့ လွယ်ကူသည့် စက်ကိရိယာများထုတ်လုပ်ရေး မှာကြားသည်။

ထို့နောက် တောင်ပေါ်ဒေသနှင့် သင့်တော်ကိုက်ညီသော လက်တွန်းထွန်စက် ထုတ်လုပ်ထားမှုကိုလည်းကောင်း၊ ကြက်ဆူပင် (Castor) အစေ့မှရသည့် ဆီဖြင့် ဇီဝချောဆီ ထုတ်လုပ်ကာ မိုင် ၁၀၀၀ မောင်းနှင်စမ်းသပ်ပြီးသည့် မာဇဒါဂျစ်၏ အင်ဂျင်ပိုင်းဆိုင်ရာများကို လည်းကောင်း၊ ပြခန်းတွင်ပြသထားသော တောင်ပေါ်နှင့် မြေပြန့်သုံး လယ်ယာ (၁၆) လက်တွန်း ထွန်စက်ပုံစံသစ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဓာတ်ခွဲခန်းတွင် ကြက်ဆူပင် (Castor) အစေ့ဆီမှ ထုတ်လုပ်သည့် ဇီဝချောဆီနှင့် မိုလာအင်ဂျင်ဝိုင် နှိုင်းယှဉ်၍ စေးကပ်မှု စမ်းသပ်သည့်လုပ်ငန်းကို ကြည့်ရှုပြီး ပြည်တွင်း လိုအပ်ချက်များကို တီထွင်ကြံဆမှုများဖြင့် အောင်မြင်မှုရရှိအောင် ဖြည့်စွမ်းကြရန် အားပေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ပါတီအပေါ် ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ဒေးဒရဲမြို့နယ် NLD ပါတီဝင် ၁၉ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၅

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သဲကုန်းလေးကျေးရွာမှ ဦးသောင်းညွန့်၊ ဦးအေးဝင်း၊ ဦးစိုးမြင့်လှိုင်၊ ဦးလှဝင်း၊ ဦးအောင်မာန်၊ ဒေါ်မြိုင်၊ ဦးအောင်ငွေ၊ ဦးစိုးမြင့်၊ ဦးသန်းဝင်းနှင့် ဦးစိန်သန်းတို့ အပါအဝင် ပါတီဝင် ၁၉ဦးတို့သည် ဇူလိုင် ၂၈ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဒေးဒရဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော ၎င်းတို့၏နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကြောင့် NLD ပါတီအပေါ် ထောက်ခံမှု၊ စိတ်ပါဝင်စားမှု မရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့ကြောင်း၊ သို့အတွက် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

⇨ ကျောဖုံးမှ

အဆိုပါ ဖြစ်စဉ်များကို ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်၊ ယန်းခမ်းအောက်ရွာမှ ဒေါ်ထွေးတင်(ခ)ဒေါ်ဘူးတေ့နှင့် ဒေါ်အေးအေးအောင်တို့က ကိုယ်တိုင်တွေ့မြင်ခဲ့ရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပို့ခဲ့သည်။

(ခ) ၁၉၉၉ ခုနှစ်တွင် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးအင်အား ၃၀ ခန့်သည် ကျောက်မဲ –နောင်ချိုကားလမ်း၊ ရင်ခွဲတောင်အနီး၌ ဆက်ကြေးကောက်စဉ် ကားပေါ်တွင်ပါလာသည့် ရဲတပ်ဖွဲ့ဝင် သုံးဦးအား တွေ့ရှိဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရပ်စောက်မြို့နယ် ကုန်းညောင်ရွာအနီးတွင် တုတ်ဖြင့်ရိုက်သတ်ခဲ့သည်။

(ဂ) ၂၀–၆–၂၀၀၀ ရက်နေ့ ၀၂၄၅ အချိန်ခန့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့ အမှတ်(၁)ရပ်ကွက်နေ ဦးသိန်းတန် (၅၁)နှစ်နှင့် ဇနီး ဒေါ်နန်းရွှေအုန်း (၄၈)နှစ် (ကျန်းမာရေးဆရာမ)တို့၏ နေအိမ်သို့ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၀ ဦးခန့် ရောက်ရှိလာပြီး သေနတ်ဖြင့်ပစ်၊ ဓားဖြင့်ခုတ်ရာ ဦးသိန်းတန်နှင့် သားဖြစ်သူ ဇော်မင်းထက်တို့မှာ ဓားဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး ဒေါ်နန်းရွှေအုန်းမှာ သေနတ်ဒဏ်ရာများ ရရှိခဲ့သည်။

(ဃ) ၂–၉–၂၀၀၁ ရက်နေ့ ၀၃၀၀ အချိန်ခန့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ဝမ်ဖိုင်ရွာသို့ SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူ လေးဦး လက်နက်ငယ်များကိုင်ဆောင်၍ ရောက်ရှိလာပြီး ယင်းကျေးရွာနေ ဦးလုံးညာ (၅၅)နှစ်၏ နေအိမ်သို့ ဝင်ရောက်၍ နာရီသုံးလုံး၊ ရွှေနှစ်ကျပ်သားနှင့် ငွေသားအချို့အား ယူဆောင်၍ နေအိမ်အား မီးရှို့ခဲ့သည်။ ထို့နောက် ဦးလုံးညာအပါအဝင် မိသားစုဝင် ငါးဦးစလုံးအား တုတ်ဖြင့်ရိုက်နှက်ခဲ့ရာ ဦးလုံးညာပါ သုံးဦးမှာ သေဆုံးပြီး နှစ်ဦးမှာ ပြင်းထန်ဒဏ်ရာဖြင့် လဲချားဆေးရုံသို့ တင်ပို့ကုသခဲ့သည်။

(င) ၂၄–၃–၂၀၀၃ ရက်နေ့ ၂၁၃၀ အချိန်ခန့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ လွိုင်ကုံကျေးရွာအနီး ဂူကျောင်းသို့ SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူ ငါးဦးရောက်ရှိလာပြီး ယင်းကျောင်းတွင် သီတင်းသုံးနေသည့် ဦးပဥ္ဇင်းဦးပဏ္ဍိတ (၆၆)နှစ်၊ (၈)ဝါနှင့် ကိုရင်ကြီး ဦးတေဇ (၂၆)နှစ်တို့အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်သဖြင့် ဦးပဏ္ဍိတသည် သေနတ်ဒဏ်ရာဖြင့် နေရာတွင်ပင် ပျံလွန်တော်မူခဲ့သည်။ ကိုရင်ကြီး ဦးတေဇမှာ ညာဘက်လက်ဖျံနှင့် ပခုံးတို့တွင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။

(စ) ၄–၄–၂၀၀၃ ရက်နေ့ ၂၂၀၅ အချိန်ခန့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ဟွေဟိုင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကန္ဒ (၄၃)နှစ်သည် ဇနီးဖြစ်သူနှင့်အတူ နေအိမ်ဈေးဆိုင်အတွင်း ထမင်းစားသောက်နေစဉ် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူတစ်ဦး ရောက်ရှိလာပြီး ဦးကန္ဒအား အကြောင်းမဲ့ သေနတ်ဖြင့် သုံးချက်ပစ်ခတ်သတ်ဖြတ်ပြီး ဦးခေါင်းကိုဖြတ်၍ ယူဆောင်သွားခဲ့သည်။

(ဆ) ၂၂–၅–၂၀၀၃ ရက်နေ့ ၀၇၂၀ အချိန်ခန့်တွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးမှ ဆီသယ်ယာဉ်ကိုးစီးသည် တာချီလိတ်မှ ကျိုင်းတုံသို့ ထွက်ခွာလာစဉ် တာချီလိတ်မြို့နယ် တောင်သုံးလုံးနေရာ အရောက်တွင် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူ အင်အား ၂၀ ဦးခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုကြောင့် ဆီသယ်ယာဉ် ၈ျ/၅၇၄၆ နှင့် ယာဉ်မောင်း အုန်းမြင့်တို့ ချောက်ထဲကျပြီး ယာဉ်အမှတ် ၈ျ/၅၄၅၇ ယာဉ်မှာ တိမ်းမှောက်ခဲ့သည်။ ယာဉ်အမှတ် ၈ျ/၄၁၁၀၊ ထ/၉၇၅၄၊ ထ/၆၃၂၁ တို့မှာ မီးလောင်ပြီး ယာဉ်မောင်း မောင်ဝင်း သေဆုံးခဲ့သည်။ ယာဉ်အမှတ် ၈ျ/၅၇၅၀မှာလည်း တောင်နံရံနှင့် တိုက်မိပြီး ယာဉ်မောင်း ဦးကျော်စံလှမှာ လက်နက်ငယ်ထိမှန် သေဆုံးခဲ့သည်။

(ဇ) ၂၈–၁၂–၂၀၀၅ ရက်နေ့ ၁၁၁၅ အချိန်ခန့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းတုံမြို့နယ် မိုင်းဟန်ရွာနေ ရန်ဝေဟန် (ပြည်သူ့စစ်ခေါင်းဆောင်)သည် တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သူ ချင်းလီထံသို့ ဖဲဗေဒင်မေးရန်သွားရောက်စဉ် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လက်နက်ငယ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ရာ နေရာတွင်ပင် သေဆုံးခဲ့သည်။

(ဈ) ၂၈–၅–၂၀၀၆ ရက်နေ့တွင် သီပေါမြို့နယ် မန်ကျောင်းရွာသို့ ဆံပင်ဝယ်ရန် ရောက်ရှိလာသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ မသင်းသင်းခိုင်နှင့် မချောစုတို့ နှစ်ဦးအား SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဖမ်းဆီးသွားပြီး ရွာ၏အရှေ့တောင်ဘက် တစ်မိုင်ခန့် အကွာ၌ သတ်ဖြတ်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် ပါဝင်ကျူးလွန် ခဲ့ကြသည့် အိုက်ပန်၊ စိန်လှ၊ အိုက်လိတ်၊ အိုက်လျံတို့အား ဖမ်းဆီးရမိခဲ့ပြီး စိုင်းခေါင်မှာ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။ စိုင်းခေါင်သည် အမျိုးသမီးနှစ်ဦးထံမှ နားကပ်၊ လက်စွပ်နှင့် ငွေကျပ် ၁၀၀၀၀ ကျော်ကို ယူဆောင်ကာ အိုက်ပန်အား တုတ်ဖြင့်ရိုက်သတ်စေ၍ အလောင်းများကို ချောင်းအတွင်းဆွဲချ မြေမြှုပ်ဖျောက်ဖျက်ခဲ့သည်။

၃။ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အထက်ဖော်ပြပါ အကြမ်းဖက် သတ်ဖြတ်မှုများအပြင် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ထိခိုက်သေကျေ ပျက်စီးစေရန်နှင့် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စေရန် မိုင်းထောင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းတို့ကို ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ၁၃–၇–၂၀၀၂ ရက်နေ့ ၁၇၀၀ အချိန်ခန့်က ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းတုံမြို့နယ် မဲကင်ရွာအနီး ကားလမ်းမပေါ်တွင် အောင်မြတ် (၃၉)နှစ်သည် လက်တွန်းထွန်စက်အား မောင်းနှင်လာစဉ် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းအား နင်းမိပေါက်ကွဲသဖြင့် လက်တွန်းထွန်စက် ပျက်စီးပြီး အောင်မြတ်၏ခန္ဓာကိုယ်တွင် ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

၂၆–၃–၂၀၀၅ ရက်နေ့တွင် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ် ကျေးရွာများ၏ မှတ်တမ်းပုံများ။
(အပေါ်ပုံနှင့်အောက်ပုံများ)

SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ၂၀၀၅ ခုနှစ် ဇွန်လအတွင်း ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ၄–၃–၂၀၀၆ ရက်နေ့တွင် ပြန်လည်ရောက်ရှိလာသော ပအိုဝ်းလူငယ် (၁၄)ဦး၏ မှတ်တမ်းပုံ။

● စာမျက်နှာ ၁၀ မှ

(ခ) ၂၆–၃–၂၀၀၅ ရက်နေ့တွင် ချင်းဝိနှင့် စိုင်းချစ် ခေါင်းဆောင်သည့် SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့သည် ဟိုပုံးမြို့နယ် နောင်ဒေးကျေးရွာအုပ်စုနှင့် မောက်မွှန်း ကျေးရွာအုပ်စုများရှိ ထီတခု၊ နောင်ဒေး၊ မောက်လွစ်၊ ကုန်းမုန်း၊ ပါမိုင်းရွာများမှ အိမ်ခြေ ၉၈ လုံးအား လူမဆန်စွာ မီးရှို့လုယက် ဖျက်ဆီးခဲ့သဖြင့် ရွာသူရွာသား ၄၄၆ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ထီတခုရွာမှ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း မီးရှို့ခံရပြီး စုစုပေါင်းကာလတန်ဖိုး ကျပ် ၁၇၇၂၃၀၀၀၀ (ကျပ်သိန်းပေါင်း တစ်ထောင့်ခုနစ်ရာ ခုနစ်ဆယ့်နှစ်သိန်းကျော်)ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

(ဂ) ၂၄–၅–၂၀၀၅ ရက်နေ့ ၁၁၃၀ အချိန်ခန့်တွင် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၂၀ ခန့်သည် ကွန်ဟိန်းမြို့နယ် ဆိုက်ခေါင်ကျေးရွာသို့ ဝင်ရောက်ကာ ရွာသား ၁၀ ဦးခန့်အား အဓမ္မဖမ်းဆီးခေါ်ဆောင်၍ ကျိုင်းခမ်းရွာဘက်သို့ ထွက်ခွာသွားခဲ့သည်။ ၎င်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ဝမ်လောရွာသို့ ၂၆–၅–၂၀၀၅ ရက်နေ့ ၂၃၀၀ အချိန်ခန့် ထပ်မံဝင်ရောက်ပြီး တစ်အိမ်လျှင် ရွာသားတစ်ဦးစီအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

(ဃ) ၃၁–၅–၂၀၀၅ ရက်နေ့ ၁၆၀၀ အချိန်ခန့်တွင် ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့တစ်ဝိုက် တောင်ယာခုတ်နေသည့် အမှတ်(၅) ရပ်ကွက်နေ အိုက်မိန်း (၁၉)နှစ်ပါ ခြောက်ဦးတို့အား SSA-S ရှက်ဆစ် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ အင်အားခုနစ်ဦးက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခံရသူ ရွာသား ခြောက်ဦးအနက် စိုင်းအောင်မိန်း၊ စိုင်းကျော်လင်းနှင့် အိုက်မိန်းတို့သည် ၁၄–၆–၂၀၀၅ ရက်နေ့တွင် ပြန်လည်ထွက်ပြေး လွတ်မြောက်လာခဲ့သည်။ ဒေသခံပြည်သူများသည် သောင်းကျန်းသူအဖွဲ့အတွင်းသို့ မဝင်ရောက်လိုသဖြင့် ရှင်သာမဏေဝတ်ခဲ့ရာ ကျိုင်းတောင်းမြို့တွင် ၈–၆–၂၀၀၅ ရက်နေ့မှ ၂၅–၆–၂၀၀၅ ရက်နေ့အထိ ရှင်သာမဏေ စုစုပေါင်း ၆၇ ဦးရှိခဲ့သည်။

(င) ၂၀၀၅ခုနှစ် ဇွန်လအတွင်း SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်သူအဖွဲ့မှ အိုက်ဖန်ဦးစီးအင်အား ၂၀ခန့်သည် မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ရွာသား ၄၀ ခန့်အား ၎င်းတို့၏ ဌာနချုပ်လွယ်တိုင်းလျှံသို့ လူသစ်အဖြစ် စုဆောင်းရန် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ရွာသား ၄၀အနက် မောက်မယ်မြို့နယ် မယ်စဲရွာမှ မောင်ညိုပါ ၁၄ဦးတို့မှာ ပအိုဝ်းလူမျိုးများဖြစ်သဖြင့် မယုံကြည်၍ ၁၄–၃–၂၀၀၆ ရက်နေ့တွင် လွယ်တိုင်းလျှံမှ ပြန်လွှတ်ပေးခဲ့ရာ ၁၇–၃–၂၀၀၆ ရက်နေ့တွင် ၎င်းတို့၏ ကျေးရွာအသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

(စ) ၅–၅–၂၀၀၆ ရက်နေ့တွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းရွာသို့ SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့က ဝင်ရောက်လာပြီး ရှမ်းတိုင်းရင်းသား ၁၆ ဦးခန့်အား ၎င်း သောင်းကျန်းသူ အဖွဲ့သို့ လူသစ်အဖြစ် ဝင်ရောက်ရန် အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခံရသူများတွင် မိုင်းတွမ်းကျေးရွာအုပ်စု မဟုန်ကန်ရွာမှ မူလတန်းပြ ဆရာနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဖြစ်သူ ထွန်းလှပါရှိသွားခဲ့သည်။

(ဆ) ၁၀–၅–၂၀၀၆ ရက်နေ့ ၂၃၀၀ အချိန်တွင် SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၅ဦးခန့်သည် မိုင်းဆတ်မြို့နယ် မဟုန်ကန်ရွာနှင့် ဝမ်တုံရွာတို့မှ ဦးအမ်ခမ်း (၄၇)နှစ် (ဘ)ဦးစမ်ခမ်းပါ ရွာသား ၁၇ဦးအား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

(ဇ) ၈–၇–၂၀၀၆ ရက်နေ့ ၂၁၀၀ အချိန်ခန့်တွင် SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ တပ်မဟာ (၇၅၉)မှ စိုင်းရွှေဦးစီး အင်အား ၁၅ ဦးခန့်သည် ကွန်ဟိန်းမြို့နယ် ဝမ်ပန်ရွာသို့ ဝင်ရောက်ပြီး ဘုန်းတော်ကြီးကျောင်းတွင် အလှူပြုလုပ်နေသည့် စိုင်းကန် (၁၅)နှစ် (ဘ)ဦးနာလိမ်ပါ ဝမ်ပန်ရွာသား၁၈ဦးအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

၄။ အထက်ပါ အကြမ်းဖက်မှုများကို ရှက်ဆစ်ဦးစီးသော ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြင်ပမှနေ၍သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း သက်သေခံအထောက်အထားများ ခိုင်လုံစွာတွေ့ရှိရသည်။

၅။ သို့ပါ၍ ရှက်ဆစ်နှင့် ၎င်းဦးစီးသော ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ–
ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

သက်ကြီးပိုင်းအရွယ်များ မကြာခဏလဲကျမှုနှင့် ဗီတာမင်ဒီဓာတ်နည်းပါးမှု ဆက်စပ်နေကြောင်းသိရ

အင်တာနက်
ကျန်းမာရေး
သတင်း

နယူးယောက် ဩဂုတ် ၂၅

သက်ကြီးပိုင်းအရွယ် အမျိုးသားကြီးများနှင့် အမျိုးသမီးကြီးများ မကြာခဏလဲကျတတ်သောအဖြစ်နှင့် ဗီတာမင်ဒီဓာတ်တို့၏ ဆက်စပ်မှုကို နယ်သာလန်နိုင်ငံ သုတေသီများက လေ့လာမှုပြုလုပ်ခဲ့ရာ ဗီတာမင်ဒီဓာတ်ချို့တဲ့သူများတွင် လဲကျတတ်သောအကြိမ် ပိုမိုများပြားကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

နို့၊ ငါး၊ ဒိန်ခဲနှင့် ဗီတာမင်ဆေးများသည် ဗီတာမင်ဒီကို ထောက်ပံ့ပေးနိုင်သော အစာများဖြစ်သည်။

ဗီတာမင်ဒီဓာတ်သည် ကယ်လ်စီယမ်သတ္တုဓာတ်နှင့် တွဲဖက်မိပါက လူ့ခန္ဓာကိုယ်၏အရိုးများ ကျန်းမာရေးအတွက် အထူးအကျိုးပြုသည်။ ထို့အပြင် ဗီတာမင်ဒီသည် အသားစိုင်များနှင့် ကြွက်သားတောင့်တင်းသန်မာရေးအတွက်လည်း အကျိုးပြုသည်ဖြစ်၍ ထိုအချက်က ဗီတာမင်ဒီ အာဟာရပြည့်ဝသူများတွင် လဲကျမှုအကြိမ်အရေအတွက် နည်းပါးရခြင်းနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း ယူဆထားသည်။

သို့ဖြစ်၍ သက်ကြီးပိုင်းအရွယ်များအနေဖြင့် အစာအာဟာရမှ ဗီတာမင်ဒီနှင့် အခြားသော ဗီတာမင်မျိုးစုံကို ပြည့်ဝလုံလောက်စွာရရှိစေရန် ဂရုပြုသင့်သည်ဟု ဒေါက်တာမာရစ်ဘီစနာချ်ဒါက ပြောကြားသည်။ ၎င်းသည် အမ်စတာဒမ်မြို့ ဗာရချ်တက္ကသိုလ်မှ ပညာရှင်တစ်ဦးဖြစ်ပြီး ယခု သုတေသနလုပ်ငန်းကို ဦးဆောင်သူလည်းဖြစ်သည်။

၎င်းနှင့် အဖွဲ့သားများသည် အဆိုပါတွေ့ရှိချက်များကို အင်ဒိုခရိုင်းပညာနှင့် ကိုယ်တွင်းဇီဝဖြစ်ပျက်မှုဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

အသက် (၆၅)နှစ်နှင့်အထက် သက်ကြီးပိုင်းအရွယ် ၁၂၃၁ ဦးတို့အား တစ်နှစ်ကြာ ဆက်တိုက်လေ့လာခဲ့ပြီးမှ အထက်ပါတွေ့ရှိချက်ကို ဖော်ထုတ်တင်ပြခြင်းဖြစ်သည်။ လေ့လာမှုပြုသူများအနက် ၃၃ ရာခိုင်နှုန်းသည် တစ်နှစ်အချိန်အတွင်း အနည်းဆုံးတစ်ကြိမ် လဲကျခဲ့ဖူးသူများဖြစ်ပြီး ၁၁ ရာခိုင်နှုန်းမှ တစ်နှစ်အတွင်း နှစ်ကြိမ်မက လဲကျဖူးသူများဖြစ်ကြောင်း တွေ့ရသည်။ ၎င်းပုဂ္ဂိုလ်များ၏သွေးအတွင်း ဗီတာမင်ဒီဓာတ် ပါဝင်မှုပမာဏကိုလည်း လေ့လာခဲ့ကြသည်။

အားလုံးကိုခြုံ၍ကြည့်လျှင် ဗီတာမင်ဒီဓာတ် နည်းပါးသူများသည် ထိုဓာတ်ပြည့်ဝစွာရရှိသူများထက် လဲကျရန် အခွင့်အလမ်းနှစ်ဆမက ပိုမိုများပြားသည်ကို တွေ့ကြရသည်။



လူများတွင် လဲကျစေနိုင်သော အခြားအကြောင်းတရားများလည်းရှိသေးသည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးခြင်းတို့သည် အကြောင်းအရင်းအချို့ဖြစ်သည်။ ယခုလေ့လာချက်တွင် ထိုအခြားအကြောင်းအရင်းများနှင့် လဲကျရသည့်အဖြစ်များကို ဆက်စပ်တင်ပြထားခြင် မရှိပေ။

လူ့ကိုယ်ခန္ဓာသည် အစားအစာနှင့် နေရောင်ခြည်လုံလောက်စွာရရှိလျှင် ခန္ဓာကိုယ်၏ သဘာဝအရပင်လျှင် ဗီတာမင်ဒီဓာတ်ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။ သို့ရာတွင် ကိုယ်ခန္ဓာနှင့် နေရောင်ခြည်ထိတွေ့မှုနည်းပါးခြင်း၊ ကိုယ်ခန္ဓာက ဗီတာမင်ဒီဓာတ်ကို ပြောင်းလဲပေးနိုင်စွမ်း နည်ပါးခြင်းနှင့် အစာအာဟာရချို့တဲ့ခြင်းကလည်း ဗီတာမင်ဒီဓာတ်နည်းပါးသည့်အဖြစ်ကို ရောက်ရှိစေနိုင်သည်ဟု ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

▶ ကျောဖုံးမှ

ကျန်လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်အပေါ် လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

ဒွန်ဘန်တံတားမှာ နမ္မတီး–တနိုင်းလမ်း မိုင်တိုင် (၆၀/၀) ရှိ (ဒွန်ဘန်)ချောင်းကို ဖြတ်သန်းတည်ဆောက်နေသည့် RPT သံပေါင် အမျိုးအစားတံတားဖြစ်ပြီး တံတားအရှည် ၂၁၆ ပေနှင့် တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၂၅ တန်ဖြစ်သည်။

ထို့နောက် လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၆) တာဝန်ခံ အင်ဂျင်နီယာမှူး ဦးသိန်းထွန်းက နမ္မတီး–တနိုင်းလမ်း၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လမ်းတံတားများ ပြုပြင်ထိန်းသိမ်းမှုကို ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး ရှင်းလင်းဆွေးနွေး မှာကြားကြသည်။ (သတင်းစဉ်)

ဆွမ်းဆန်တော်အလှူ ရေစက်ချပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုး၊ မင်းဝံတောင်ရိုးဟူသည့် တောင်ရိုးကြီးသုံးရပ်နှင့် မန္တလေးငါးမြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်ငါးသောင်းတို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်၊ ဗိုလ်တထောင်နှင့် ဆိပ်ကမ်းမြို့နယ်တို့မှ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များ လှူဒါန်းကြသည့် ဆွမ်းဆန်တော် ၁၀၂၁ တင်း၊ အလှူငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းချုပ်သို့ စတုတ္ထအကြိမ်မြောက် လှူဒါန်းပွဲနှင့် ရေစက်ချပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉နာရီက ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း ဗြဟ္မဝိဟာရကျောင်း ခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်ကြောင်း သိရသည်။
(အပေါ်ပုံ) (က–ပ)

အဖ ဦးအောင်ညို အမိ ဒေါ်ကြင်တို့အား ရည်စူး၍ ပုသိမ်မြို့ အမှတ် (၃)နယ်မြေ မဟာဗန္ဓုလလမ်းနေ ဦးထွန်းအေး–ဒေါ်ကေသွယ်ဝင်း၊ သမီး မနန္ဒာထွန်း၊ သား မောင်အိုရီယံထွန်း (ရွှေပုသိမ်မိသားစု)က ရောဝတီတိုင်းပြည်သူ့ဆေးရုံကြီးတွင် ဩဂုတ် ၂၅ ရက်က ဆေးပဒေသာပင် ကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်တို့ လက်ခံရယူစဉ်။ (သတင်းစဉ်)

တောင်ကုတ်မြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ ပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် စက်ယန္တရားများဖြင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းကိုနိုင်နှင့်ဌေးကြွယ်တို့ ဗြိတိန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ် ၎င်းတို့အဖွဲ့မှ ကိုကိုကြီးနှင့်သက်ဇော်တို့လည်း ကလေးမြို့နှင့် ကလေးဝမြို့သို့ သွားရောက်ပြီး မြို့နယ်NLD အဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့

ရန်ကုန် ဩဂုတ် ၂၅

၈၈ ကျောင်းသားအမည်ခံအဖွဲ့မှ မင်းကိုနိုင်၊ ဌေးကြွယ်တို့နှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံးမှ သံအမတ်ကြီးတို့ ဩဂုတ် ၂၄ရက် ညနေပိုင်းတွင် ဗြိတိသျှသံရုံးမှ ပထမအတွင်းဝန်၏ နေအိမ်၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများ ဆက်လက်ရရှိသည်။

၎င်းသတင်းနှင့်တစ်ဆက်တည်းမှာပင် ထိုအဖွဲ့မှ ကိုကိုကြီးနှင့် သက်ဇော်(ဗကသ)တို့သည် ဩဂုတ် ၁၉ရက်တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ရောက်ရှိပြီး ကွယ်လွန်သူ ကလေးမြို့နယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် NLD ဒေါက်တာသိန်းဝင်း၏ နေအိမ်တွင် တည်းခိုခဲ့ကြောင်း၊ ဩဂုတ် ၁၉၊ ၂၀ရက်တို့တွင် ကလေးမြို့နယ် NLDဥက္ကဋ္ဌ ဦးကာ၊ စာရေးဆရာမြဆင့်ချယ်တို့နှင့် အသီးသီးတွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြောင်း ဆက်စပ်သတင်းများရရှိသည်။

ကိုကိုကြီးနှင့် သက်ဇော်တို့သည် ဩဂုတ် ၂၁ရက်တွင် မြဆင့်ချယ်၊ ဒေါက်တာသိန်းဝင်း၏ သားသမီးများနှင့်အတူ ချင်းပြည်နယ် တီးတိန်မြို့နယ် သိုင်းငင်းရွာသို့ ကားဖြင့်သွားရောက်စဉ် လမ်း၌မြေပြိုနေသဖြင့် ကလေးမြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ထိုနေ့ညနေပိုင်းတွင် မြို့နယ် NLD ဥက္ကဋ္ဌ ဦးကာ၊ ၈၈ ဆူပူအကြမ်းဖက်မှု၌ ပါဝင်ခဲ့ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားပြီးနောက် ပြန်လည်အလင်းဝင်လာသူ ဦးမြင့်သိန်းတို့နှင့် အသီးသီးတွေ့ဆုံခဲ့ကြောင်း။

ဩဂုတ် ၂၂ရက်တွင် သက်ဇော်သည် မြို့နယ် NLD အဖွဲ့ဝင် ဦးထွန်းသိန်းနေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ကိုကိုကြီးသည် ဒေါက်တာသိန်းဝင်းနေအိမ်၌ မြို့နယ် NLD ဥက္ကဋ္ဌ ဦးကာ၊ ဦးညွန့်မောင်(ရပ်/ကျေး)၊ ဦးမြင့်သိန်း၊ ဦးထွန်းသိန်း၊ ဦးအယ်များ၊ ဦးဒိုထော်(ကလေး–၁)တို့နှင့် တွေ့ဆုံပြီး NLD အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထိုနေ့နံနက် ၉နာရီမှ ညနေ ၅နာရီခွဲအထိ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း။

ဩဂုတ် ၂၃ရက်တွင် ကိုကိုကြီးနှင့် သက်ဇော်တို့သည် ဒေါက်တာသိန်းဝင်း၏ သမီးနှစ်ဦး၊ ၎င်းတို့၏သူငယ်ချင်း အမျိုးသမီးတစ်ဦးတို့နှင့်အတူ ကလေးဝမြို့သို့သွားရောက်ပြီး NLD ပါတီဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း။

ဩဂုတ် ၂၄ရက်တွင် ၎င်းတို့ငါးဦးသည် သိန်းသန်းကြွယ် အမြန်ရေယာဉ်ဖြင့် ကလေးဝမှ မုံရွာသို့ ထွက်ခွာခဲ့ကြောင်း၊ သက်ဇော်သည် မုံရွာမှ ရေစကြိုမြို့သို့သွားရန်ရှိပြီး ကိုကိုကြီးနှင့် ကျန်သုံးဦးသည် ရန်ကုန်သို့ ဆက်လက်ထွက်ခွာလာကြောင်း သတင်းရရှိသည်။

ယင်းသို့ ကိုကိုကြီးနှင့်အဖွဲ့ လာရောက်လှုပ်ရှားမှုကို မြင်တွေ့ကြားသိရသည့် ဒေသခံပြည်သူများက ကိုကိုကြီးနှင့် မင်းကိုနိုင်တို့အဖွဲ့သည် ၁၉၈၈ခုနှစ် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်လှုပ်ရှားခဲ့သူများဖြစ်ကြောင်း၊ နောက်ပိုင်း၌ ရန်ကုန်မြို့ရှိ အနောက်အင်အားကြီးနိုင်ငံအချို့၏ သံတမန်များ၊ ပြည်ပြေးသောင်းကျန်းသူအုပ်စုများ၊ ပြည်တွင်းနိုင်ငံရေးပါတီတစ်ခုမှ ပါတီဝင်များ၊ ပြည်ပမီဒီယာများနှင့် တွေ့ဆုံ၍ နိုင်ငံရေးပွဲစားလုပ်နေသူများ ဖြစ်ကြောင်း၊ ယခုလည်း ၎င်းတို့ဒေသ၏ တည်ငြိမ်အေးချမ်းနေမှုများ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်ရန်အစီအမံရှိ၍ဖြင့် လာရောက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားမှုများ ရှိနေသည်ဟု သတင်းရရှိသည်။

(က–ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးမြင့်သူ–ဒေါ်မိမိအောင်၊ သမီးရွှန်းလဲ့မြင့်သူ၊ ချမ်းမြေ့မြင့်သူတို့က ဦးမြင့်သူ၏ (၄၅)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ် (၂၉) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြအေးက ဘက်စုံထူးချွန်ဆုရ တတိယတန်း(ခ) မှ မတင်သူဇာဝင်းမြင့်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ဆိုင်ကယ် မဆင်မခြင်စီးသူများ အရေးယူပေးပါ

စာတည်းခင်ဗျား–

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင် ဆိုင်ကယ်စီးသူ များပြားလာသည့်အပြင် အရှိန်ပြင်းစွာ မဆင်မခြင် စီးခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက် ရှိပါသည်။ မကြာသေးမီက တောင်တွင်းကြီး–အောင်လံ ကားလမ်း မကြီးဘေးရှိ ထမင်းဆိုင်အတွင်းသို့ ဆိုင်ကယ်တစ်စီး အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိခဲ့သဖြင့် ထိခိုက် ဒဏ်ရာရသူများ ရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဆိုင်ကယ် မဆင်မခြင် စီးနေကြသူများအား တားဆီးကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်တွင်းသား

နှစ်လုံးထီလောင်းကစားသူများ တားဆီးပေးစေလို

စာတည်းခင်ဗျား–

ဟင်္သာတမြို့နယ်ရှိ ကံလှကျေးရွာတွင် နှစ်လုံးထီ လောင်းကစားမှုများ များပြားလျက်ရှိပြီးအချို့မှာ လယ်ယာ၊ ခြံ၊ အိမ်များ ပေါင်နှံ ရောင်းချကြရသည်အထိ စီးပွားပျက်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လောင်းကစားမှုများအား ဥပဒေနှင့်အညီ တားဆီးနှိမ်နင်းပေးပါရန် တင်ပြအပ်ပါသည်။

ကံလှရွာသား

ပြည်သူ့ထံမှပေးစာ

ဖွဲမှုန့်များ မပျံ့နှံ့ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်–

ပဲခူးတိုင်း ကဝမြို့နယ် သက္ကလစံပြကျေးရွာ အရှေ့ပိုင်းတွင် ဟာလာဆန်စက်တစ်လုံး လည်ပတ်လျက်ရှိရာ ထိုဆန်စက်မှ ဖွဲမှုန့်များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဖွဲမှုန့်များ မပျံ့လွင့်ရေး လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သက္ကလသူ

ကြက်၊ ဘဲ အညစ်အကြေးနံ့ မခံနိုင်

စာတည်းခင်ဗျား–

ဒဂုံမြို့သစ်တောင်ပိုင်း (၁၈)ရပ်ကွက် တနင်္သာရီလမ်းရှိ အိမ်တစ်အိမ်၏ ဘေးတွင်တဲများထိုး၍ကြက်၊ဘဲများစွာကို စီးပွားဖြစ် မွေးမြူနေပါသည်။ အဆိုပါ မွေးမြူရေးလုပ်ငန်းမှ အညစ်အကြေးနံ့များကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက် အတွင်းမှ အဆိုပါ ကြက်၊ ဘဲ မွေးမြူ ရေးလုပ်ငန်းအား စိစစ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။ **(၁၈)ရပ်ကွက်သား**

ပလတ်စတစ်ညှော်နံ့ နံလွန်း

စာတည်းရှင့်–

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်း၊ လမ်းသွယ်(၁)အတွင်းရှိ အိမ်တစ်အိမ်တွင် ပလတ်စတစ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပလတ်စတစ် ညှော်နံ့ နေ့စဉ် ရှူရှိုက်နေရသောကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေး ထိခိုက်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျွန်းရွှေမြိုင်သူ

စည်းကမ်းမဲ့ အမှိုက်ပုံ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ရပ်ကွက်ရုံးဘေးလမ်းတစ်လျှောက်တွင် စည်းကမ်းမဲ့ စွန့်ပစ်ထားကြသော အမှိုက်ပုံများရှိရာ အနံ့အသက်မကောင်းဘဲ အညစ်အကြေးများလမ်းပေါ်သို့ ပြန့်ကြဲလျက် ရှိနေပါသည်။ **(အောက်ပုံ)** အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်ပြည်သူများမှာ နေ့စဉ် အနံ့ဆိုးများကို ရှူရှိုက်နေရပါသဖြင့် အဆိုပါ အမှိုက်ပုံအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူတစ်ဦး

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

အိမ်သုံးမီတာဖြင့် လုပ်ငန်း လုပ်ကိုင်နေမှု ဆောင်ရွက်ပြီးစီး

၁–၇–၂၀၀၆ ရက်နေ့ ထုတ် ကြေးမုံ သတင်းစာပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် ရွှေသီရိ(၁)လမ်း "အိမ်သုံးမီတာဖြင့် လုပ်ငန်းလုပ်ကိုင်နေမှု ကြပ်မတ်ပေးပါ" ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပြီး

၈–၇–၂၀၀၆ ရက်နေ့ ထုတ် ကြေးမုံသတင်းစာပါ မရမ်းကုန်းမြို့နယ်ဘုရင့်နောင်ပွဲရုံတန်း ကံ့ကော်လမ်းသွယ်(၄)နှင့်(၅)အကြား "ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးသင့်" ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

မိလ္လာပိုက်ပေါက် ပြုပြင်ပေးစေချင်

စာတည်းခင်ဗျား–

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်း တိုက်အမှတ် ၁၂၅၈၊ ၁၂၅၉၊ ၁၂၆၀၊ ၁၂၆၁ တို့၏ နောက်ဖေးလမ်းကြားမိလ္လာပိုက်များ ပေါက်နေပြီး အမှိုက်များလည်း လာရောက်စွန့်ပစ်ထားခြင်းတို့ကြောင့် မိုးများ၍ ရေလျှံသည့်အခါ အဝီစိတွင်းနှင့် ရေကန်များသို့ စိမ့်ဝင်လျက်ရှိသဖြင့် ကျန်းမာရေးထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိလ္လာပိုက်ပေါက်များအား ပြင်ဆင်ပေးပါရန်နှင့် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သီရိလမ်းသားများ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းကို ရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသောငွေကြေးအင်အားရှိမှုအခြေအနေအား အောက်ပါဌာနများ၏ ထောက်ခံချက်နှင့်အတူ တင်ပြရမည်–

(၁) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားနှင့် တူညီသည့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းပမာဏ အခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက် (လုပ်ငန်း လိုင်စင်မိတ္တူတင်ပြရမည်)။

(၂) အထက်အပိုဒ်ခွဲငယ်(၁)ပါ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအတွက် ငွေကြေးလုံလောက်မှုအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘဏ်၏ အာမခံချက်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုအထောက် အထား။

(ခ) လျှောက်ထားသူသည် ယခင်ကတည်းက လျှောက်ထားသည့် လုပ်ငန်းအမျိုး အစားအား စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သူဖြစ်ပြီး ထိုလုပ်ငန်းကိုပင် ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် ရည်ရွယ်ထားသူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

ယနေ့ မိုးလေဝသ

၂၆–၈–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကချင်ပြည်နယ် လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ တနိုင်းသို့ မြစ်ကြီးနား–နမ္မတီး–တနိုင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် လမ်းတံတားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ဒွန်ဘန်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)မှ တာဝန်ခံအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က ဒွန်ဘန် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အင်တိုက်အားတိုက် ဆောင်ရွက်

ဝန်ကြီးက ယခုဆောင်ရွက်နေသည့် ရေတွင်း ခွေအုတ်မြစ်ကို သတ်မှတ်မြေဝင် ရရှိသည် အထိ စနစ်တကျ တူးဖော်ရန်၊ မိုးကုန်သည်နှင့်

စာမျက်နှာ ၁၁ ကော်လံ ၅ သို့

ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပြင်ဦးလွင်မြို့နယ် ဒိုးကွင် စိုက်ပျိုးရေးခြံတွင် ဆေးဖက်ဝင်သစ်ခွများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–၉)

(လယ်ယာ/ဆည်မြောင်း)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

ရတနာလုပ်ငန်းရှင်များသည် ပြည်ပဈေးကွက်များ၌ အရောင်းသွက်လျက်ရှိသော ကျောက်မျက်ရတနာများ၊ အလှအပ ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို မျက်ခြည်မပြတ် လေ့လာ၍ ပြည်တွင်း၌ ကျောက်မျက်ရတနာ အချောထည်များ တိုးတက် ထုတ်လုပ်နိုင်ရေး၊ ရတနာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက် နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ–၂

ခြစည်းရိုးကြက်ဆူပင်သည် နှစ် ၅၀အထိ ရှင်သန် အသီးသီး ဆွတ်ခူးနိုင်ကြောင်း၊ နှစ် ၃၀ အထိ သီးအားကောင်းကြောင်း လေ့လာမှုအရ သိရှိရသည်။

ကိုရဲ (စိုက်ပျိုးရေး)၏ ***"တစ်ကြိမ်စိုက်ရုံဖြင့် နှစ်ရှည်ဝင်ငွေ လိုက်မည့်အပင်"*** (ဆောင်းပါး) စာမျက်နှာ–၃

ပြည်သူတစ်ရပ်လုံးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိစဉ် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အမည်ခံ ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အပြစ်မဲ့ပြည်သူများကို ပစ်ခတ်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ပုံးခွဲခြင်း၊ ကျေးရွာများမီးရှို့ခြင်း၊ ရွာသူရွာသားများကို အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူကို အကြမ်းဖက်နှောင့်ယှက်တိုက်ခိုက်နေ အကြမ်းဖက်မှုများကို ရှက်ဆစ်ဦးစီးသော SSA-S သည် အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာတွေ့ရ ရှက်ဆစ်နှင့်၎င်းဦးစီးသော ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)နှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၂/၂၀၀၆)

နေပြည်တော်၊၁၃၆၈ခုနှစ်၊ တော်သလင်းလဆန်း(၃)ရက်

(၂၀၀၆ခုနှစ်၊ ဩဂုတ်လ၂၅ရက်)

အကြမ်းဖက်သူများအဖြစ် ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်သူတစ်ရပ်လုံးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိစဉ် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အမည်ခံ ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အပြစ်မဲ့ပြည်သူလူထုအား သွေးထွက်သံယိုသေကျေ ပျက်စီးစေခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်စေရန် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဗုံးခွဲခြင်း၊ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ရွာသူရွာသားများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း တို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ကို အကြမ်းဖက် နှောင့်ယှက်တိုက်ခိုက်လျက်ရှိသည်။

၂။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ရက်စက်ယုတ်မာသော အကြောင်းမဲ့ သတ်ဖြတ်မှုဖြစ်စဉ်များအနက် အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ၁၃–၆–၁၉၉၇ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်းမြို့နယ်၊ ပလောင်ရွာပျက် အနီး၌ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က တောင်ကြီး–ကျိုင်းတုံ အသွားအပြန်ခရီးစဉ်တွင်မောင်းနှင်နေသည့် မော်တော်ယာဉ် ၅၀စီးခန့်အား ရပ်တန့် စေပြီး ယာဉ်ပေါ်ပါရှိသည့် ဗမာလူမျိုးခရီးသည်၂၆ဦးတို့အား လူမဆန်စွာသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့